ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၃) ရက် ၊ သောကြာနေ့ ၊ (15-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၂၉)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ** စာမျက်နှာ - ၁၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား





**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ စာမျက်နှာ ၁၈ ကော်လံ ၁ သို့



ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်

နိုင်ငံတိုင်း၊ လူသားတိုင်းအနေဖြင့် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးရရှိလိုကြသည်။ ကမ္ဘာ့လူသားတိုင်း အေးချမ်းလုံခြုံစွာနေထိုင်လိုကြသည်။ သို့သော် ကမ္ဘာ့နေရာဒေသအတော်များများတွင် ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေကြရသည်။ ငြိမ်းချမ်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည့် အကြမ်းဖက်မှုများဖြစ်ပေါ်နေခြင်းသည် လူသားများ၏ ငြိမ်းချမ်းစွာနေထိုင်ရေးကို ခြိမ်းခြောက်နေပေသည်။

တစ်ကမ္ဘာလုံးရှိ လူသားများ၏ ရင်ထဲ၌ အနှစ်သက်ဆုံးအရာမှာလည်း လူသားအားလုံး အတူတကွ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဖြစ်သည်။ ကမ္ဘာကြီးအေးချမ်းမှ နေပျော်မည်ဖြစ်သကဲ့သို့ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမှ တစ်နိုင်ငံတည်းရပ်တည်နေထိုင်နိုင်မည်မဟုတ်ပေ။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကအစ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်စပ်နေပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာတွင်လည်း ဆက်စပ်နေမည်ဖြစ်ပေသည်။ သို့မှသာ လူသားချင်း အကြမ်းဖက်မှု၊ ဖိနှိပ်ညှဉ်းပန်းမှု၊ ခွဲခြားဆက်ဆံမှုများ တားဆီးကာကွယ်ခြင်း၊ ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

ယခု တွေ့ကြုံနေရသော လူသားအချင်းချင်း အကြမ်းဖက်မှု၊ ဖိနှိပ်ညှဉ်းပန်းမှု၊ ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်နေမှုများသည် လူ့သမိုင်းကို လွန်စွာအကျည်းတန်စေပါသည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်ကောင်းအများစုတို့သည် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ဖွယ်များကို အထူးဦးစားပေးဆောင်ရွက်နေကြသည်ကို တွေ့နိုင်ပါသည်။ နိုင်ငံအများစုက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံအချင်းချင်း၏ တရားဥပဒေ အချုပ်အခြာအာဏာ စသည်တို့ကို အလေးထားဆောင်ရွက်နေကြသော်လည်း အချို့ကမူ မိမိတို့၏ ဆန္ဒများကိုသာ ရှေ့တန်းတင်ပြီး ဆောင်ရွက်နေကြသဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ခြိမ်းခြောက်လာနေပါသည်။

လက်ရှိကမ္ဘာ့မြင်ကွင်းတွင် အကြမ်းဖက်မှုကြီးထွားလာနေသည်။ ယင်းသည် အပြစ်မဲ့ကလေးငယ်များ၊ အမျိုးသမီးများကို အကြင်နာမဲ့စွာ၊ လူသားမဆန်စွာ အကြမ်းဖက်သတ်ဖြတ် ကျူးလွန်နေမှုများက ငြိမ်းချမ်းမှုကို ပြင်းထန်စွာ ထိခိုက်စေနိုင်ပါသည်။

ထို့ပြင် အင်အားကြီးနိုင်ငံတို့က အင်အားနည်းသော နိုင်ငံတချို့အပေါ် ဗိုလ်ကျစိုးမိုးမှုများကို လက်မခံဘဲ နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲခြင်းကို နိုင်ငံအားလုံးက လိုက်ပါဆောင်ရွက်ရေးမှာ ငြိမ်းချမ်းရေး၏ အဓိကကျသော အချက်ဖြစ်ပေသည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလေလေ မတရားသောအကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေးကို စိန်ခေါ်မှုများ တားဆီးနိုင်လေလေဖြစ်ပါသည်။ ယခုအခါ ပညာခေတ်ဖြစ်သည်နှင့်အညီ အမြော်အမြင်ကြီးသော ခေါင်းဆောင်မှုများရှိသည့် နိုင်ငံများအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးအလေးပေးဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကမ္ဘာကြီးငြိမ်းချမ်းသာယာပြီး အေးချမ်းစွာနေထိုင်ရေးကို ကမ္ဘာ့လူသားအားလုံး လိုလားလျက်ရှိကြသည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်ကောင်းအများစုတို့၏ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ဖွယ်ရာများ အထူးဦးစားပေးဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံအများစုကလည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိအောင် ဆောင်ရွက်နေကြခြင်းဖြင့် ခိုင်မြဲသောကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ သမဝါယမအသင်းသား တောင်သူများကို လယ်ယာသုံးစက်ကိရိယာ ၂၃ စီး ရောင်းချပေးထား



**မန္တလေး ဒီဇင်ဘာ ၁၄**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ သမဝါယမအသင်းသား တောင်သူများကို ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ၂၃ စီး ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ Daedong အမျိုးအစားများကို သမဝါယမအသင်းသားတောင်သူများ ကြိုက်နှစ်သက်သည့် စက်အမျိုးအစားအလိုက် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းစနစ်ဖြင့်လည်းကောင်း ရောင်းချပေးကြောင်း၊ ၎င်းစက်အမျိုးအစားများသည် DT-100 N၊ CK-2810၊ DS-3510၊ EX-50 HP စသည့်စက်များဖြစ်ပြီး အသင်းသားတောင်သူများကို ဖြေလျှော့မှုစရိတ်ဖြင့် ရောင်းချပေးခဲ့ရာ ယနေ့ထိ လယ်ယာသုံးစက်ကိရိယာ ၂၃ စီးကို ရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

"စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးခဲ့ပါတယ်။ ရောင်းချပေးခဲ့တာဆိုရင် ဖြေလျှော့နေစပြီး ရောင်းချပေးခဲ့တာပါ။ ဒီဘဏ္ဍာနှစ်ထဲမှာ ကနေ့အချိန်ထိ လယ်ယာသုံးစက်ကိရိယာ ၂၃ စီးထိ ရောင်းချပေးထားပါတယ်။ ကျန်ရှိနေသေးတဲ့ လယ်ယာသုံးစက်ကိရိယာ နှစ်စီးကိုလဲ ဆက်လက်ရောင်းချပေးနေပါတယ်။ အရစ်ကျစနစ်နဲ့ကော လက်ငင်းစနစ်နဲ့ပါ ရောင်းချပေးနေတာပါ။ မိမိကိုယ်ပိုင်စက်တွေရှိကြတဲ့အတွက် အချိန်မီအခါမီ ထွန်ယက်စိုက်ပျိုးနိုင်ပါတယ်။ အသင်းသားတောင်သူတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးတဲ့သဘောပါ" ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ရောင်းချပေးနေသည့် မြို့နယ်များမှာ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ ရမည်းသင်းမြို့နယ်တို့ ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေးကားဈေးကွက်အတွင်း ယခုအခါ မော်ဒယ်မြင့်ကားများနှင့်အတူ ကားဟောင်း၊ ကားသစ်မျိုးစုံ ကျဈေးဖြင့်အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးကား (EV) များ အရောင်းအဝယ်ဖြစ်မှု နည်းကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ဈေးနှုန်းကျဆင်းမှုကြောင့် ကားဟောင်း၊ ကားသစ်နှစ်မျိုးစလုံး အရောင်းအဝယ်ရှိလာသော်လည်း ဘယ်မောင်းကားများ ပို၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ ထို့ပြင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား ဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

အလားတူ လျှပ်စစ်သုံးကား (EV) များ အရောင်းအဝယ်ဖြစ်မှု နည်းနေပြီး ငွေကျပ်သိန်း ၁၀၀၀ မှ သိန်း ၁၅၀၀ ခန့် ဈေးတန်းရှိကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း တိုက်ရိုက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်း ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၆၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀ ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းနေပြီး အသစ်ဘီးများလည်း အရောင်းအဝယ် ဖြစ်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လူငယ်အများစု စိတ်ဝင်စားမှုမြင့်တက်လာသည့် လျှပ်စစ်သုံးဆိုင်ကယ်(EV)ဘီးများမှာ ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ခန့်ထိရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ်Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၁ သိန်း၊ အနီမ့်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၂ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနီမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၂ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/ 125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း နှမ်းနက်များ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေးဈေးကွက်အတွင်း နှမ်းနက်များ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ဇီးကုန်း၊ ကျွန်းလှနယ်တို့မှ ထွက်ရှိသည့် နှမ်းနက်များ ဝင်ရောက်လာကြောင်း၊ လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ဖြင့် အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို နှမ်းနက်အပြင် နှမ်းဖြူတွေပါ ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ နှမ်းနက်ကလဲ ပြည်ပပို့ကုန်အနေနဲ့ ပို့ခွင့်ရထားပါတယ်။ ဒီနှစ်မှာ အထွက်နှုန်းလဲ ကောင်းမွန်တာကို တွေ့ရပါတယ်။ အခုရက်ပိုင်း မန္တလေး ဈေးကွက်အတွင်းမှာ တရုတ်ဝယ်လက်တွေ ဝယ်ယူမှုရှိနေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေတာပါ။ နှမ်းဖြူကလဲ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတာကို တွေ့ရပါတယ်။ ဒီနှစ် နှမ်းသီးနှံတွေ အရောင်းအဝယ်ကောင်းပါတယ်။ ထွက်သမျှနှမ်းရဲ့ ၉၅ ရာခိုင်နှုန်းက ပြည်ပကို ပို့ကုန်အနေနဲ့ပို့တယ်။ အဓိကအနေနဲ့ တရုတ်ဈေးကွက်ကို ပို့ဆောင် ရောင်းချနေရပါတယ်။ ဒီနှစ်မှာ နှမ်းကို နယ်တကာမှာ ပိုမိုစိုက်ပျိုးလာတာ တွေ့ရပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

နှမ်းသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ နှမ်းနက်ကို သီးထပ်အဖြစ် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖေတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မအူပင်မြို့နယ်တွင် နေကြာမျိုးစေ့များ အရောင်းအဝယ်ကောင်းနေ

**မအူပင် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် နေကြာမျိုးစေ့များ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုထံမှ သိရသည်။

မအူပင်မြို့နယ်တွင် ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ နေကြာမျိုးစေ့များ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါနေကြာမျိုးစေ့များကို ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ် စသည့်မြို့နယ်များက အများဆုံးလာရောက်ဝယ်ယူနေကြောင်း သိရသည်။

"တောင်သူတွေအနေနဲ့ နေကြာကို စိုက်ပျိုးဖို့ စိတ်ဝင်စားလာကြလို့ပါ။ လက်ရှိ နေကြာမျိုးစေ့တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ အခုမှ စမ်းသပ်စိုက်ပျိုးတဲ့သူတွေလဲရှိသလို အခုနှစ်မှာ တိုးချဲ့စိုက်ပျိုးလာတဲ့ သူတွေလဲ ရှိပါတယ်။ ဒေသမှာ အခုလိုနေကြာတွေ တိုးချဲ့စိုက်ပျိုးလာတာကြောင့် စားသုံးဆီသန့်သန့် စားသုံးလာရတယ်။ တောင်သူတွေ ဈေးကောင်းကောင်းရရှိလာမယ်။ ကုန်သည်တွေ အရောင်းအဝယ်ကောင်းလာတယ်။ နောက်ဆုံး ဆီကြိတ်ခွဲရောင်းချသူတွေထိပါ တွက်ခြေကိုက်လာတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

မအူပင်မြို့နယ်တွင် နေကြာမျိုးစေ့ တစ်တင်းလျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါနေကြာမျိုးစေ့များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးသည့် တောင်သူများ များပြားလာကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် စည်ပင်သာကျေးရွာ၌ သံဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပင်သာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချမည့်သံဂဟေဆက်နည်းများကို စနစ်တကျ သင်ယူလေ့လာပြီး လက်တွေ့လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းသို့ မိတ္ထီလာမြို့နယ် စည်ပင်သာကျေးရွာမှ သင်တန်းသား ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြနှစ်ဦးက သံဂဟေဆက်နည်းများကို ယနေ့မှ ဒီဇင်ဘာ ၂၈ ရက်ထိ ၁၅ ရက် ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၁၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၂၃၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၂၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ပြောင်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေ စိုက်ပျိုးလာတဲ့ သဘောပါ"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၅၄၅ ဧကနှင့် ဖူးစားပြောင်း ၁၅၆၃ ဧက စုစုပေါင်း ၂၁၀၈ ဧကဖြစ်ပြီး အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်းဧက ၇၃၀ နှင့် ဖူးစားပြောင်းဧက ၁၆၄၀ စုစုပေါင်း ဧက ၂၃၇၀ ဖြစ်ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကံကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ငုဝါရွှေက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကံကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘုန်းလှ**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများ ပေးသွင်းကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်းထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**



# (၇၆)နှစ်စွမ်းအင်ဖြစ် နသစ်ပြာဝေတပ်မတော်(လေ)

## ရွှေညာမြေမြတ်သင်းကြိုင်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ်ပိုင်နယ်မြေတွင် လွတ်လပ်စွာ နေထိုင်ခဲ့ကြသူများဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ယဉ်ကျေးမှုအစဉ်အလာကောင်းသော လူမျိုးများဖြစ်သည်။ ရွှေ၊ မိုး၊ ဆောင်း စသည့်မျှတသောရာသီဥတုလည်းရှိသည်။ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသော နိုင်ငံလည်းဖြစ်သည်။ မြောက်မှ တောင်သို့ စီးဆင်းနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စသည့်မြစ်ကြီးလေးသွယ်သည်လည်း မြန်မာပြည်၏ အသက်သွေးကြောများဖြစ်သည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ဆန်စပါးကို အဓိက စိုက်ပျိုးလုပ်ကိုင်ကြသည်။ ပဲအမျိုးမျိုး၊ နှမ်း၊ ဝါ၊ ပြောင်းဖူး၊ ငရုတ်၊ ကြက်သွန်၊ အာလူး စသည့်သီးနှံများကိုလည်း ရာသီအချိန်အခါလိုက်၍ စိုက်ပျိုးကြသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်များသည်လည်း နိုင်ငံ၏မြေမျက်နှာသွင်ပြင်နှင့်လိုက်လျောညီထွေစွာ တည်ရှိနေသည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကားပြီး ပြည်သူများမှာ ကံငါးပါး လုံခြုံစွာထိန်းသိမ်းကြသည်။ ခင်ပွန်းကြီးဆယ်ပါးကို ကျေးဇူးပြုတတ်သူများဖြစ်သည်။ ရွှေရောင်ဝင်းသည့် စေတီပုထိုးများဖြင့် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသူများဖြစ်သည်။ အလှူဒါနရက်ရောမှုကြောင့် ကမ္ဘာကပင် ရင်သပ်ရှုမောရသည့် နိုင်ငံနှင့်လူမျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် အလှဆုံးတိုင်းပြည်၊ နေချင်စရာအကောင်းဆုံးတိုင်းပြည်ဟု ဆိုရမည့် နိုင်ငံဖြစ်သည်။ ထိုသို့အလှဆုံးတိုင်းပြည်၊ နေချင်စရာအကောင်းဆုံးတိုင်းပြည်ဖြစ်အောင် ဖန်တီးခဲ့ကြသူများမှာ ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များပင်ဖြစ်သည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဘာသာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည်။

မြန်မာတို့၏ ရှေးခေတ်များတွင် ပုဂံခေတ်၊ ဟံသာဝတီခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ကုန်းဘောင်မင်းဆက် (၁၁)ဆက်ရှိပြီး အလောင်းဘုရားမှ သီပေါမင်းထိဖြစ်သည်။ မင်းအဆက်ဆက် တိုင်းပြည်လုံခြုံရေးအတွက် စစ်သည်ရဲမက်များ ဖွဲ့စည်းထားရှိခဲ့ကြသည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ လေးမြားတပ် စသည်ဖြင့် တပ်တော်များလည်း ဖွဲ့စည်းထားရှိသည်။ တိုင်းပြည်အတွက် စစ်မက်ရေးရာကြုံလာပါကလည်း ကျေးရွာများမှ အိမ်ခြေအနည်းအများကိုလိုက်၍ စစ်သည်အင်အားဖြည့်တင်းကြရသည်။ စစ်မက်ရေးရာနှင့်ပတ်သက်၍ မြန်မာဘုရင်များ တန်ခိုးထွားခဲ့ကြသည်။ အနော်ရထာမင်းသည် အေဒီ ၁၀၄၄ ခုနှစ်တွင် အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာနိုင်ငံတော်ကို ပြန်လည်ထူထောင်ခဲ့သည်။ မြို့ပြများကို စနစ်တကျ တည်ဆောက်ခဲ့သည်။ ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ တူးဖော်ဆည်ဖို့ပြီး စိုက်ပျိုးရေးကို တိုးတက်စေခဲ့သည်။ မြန်မာအက္ခရာဖြင့် မြန်မာစာပေကို တီထွင်နိုင်ခဲ့သည်။ ဘာသာ၊ သာသနာကိုလည်း ထွန်းကားစေရန်အတွက် တွန်းအားပေးခဲ့သည်။ အေဒီ ၁၅၅၁ တွင် ဘုရင့်နောင်မင်းတရားကြီးကလည်း ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေး ဆောင်ရွက်ခဲ့သည်။ အလောင်းဘုရားထူထောင်ခဲ့သည့် တတိယမြန်မာနိုင်ငံတော်အား ကုန်းဘောင်မင်းအဆက်ဆက် အုပ်ချုပ်ခဲ့ကြပြီး မင်းတုန်းမင်းတရားလက်ထက်တွင် ညီတော် ကနောင်မင်းသားကြီး၏စွမ်းဆောင်မှုဖြင့် နိုင်ငံခြားသို့ ပညာတော်သင်များစေလွှတ်ကာ လက်နက်စက်ရုံများအပါအဝင် စက်ရုံပေါင်း ၅၀ ကျော် တည်ဆောက်နိုင်ခဲ့သည်။ ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရပြီး နိုင်ငံတော်တိုးတက်မှုမှာ အဟန့်အတားဖြစ်ခဲ့ရသည်။ တောတောင်ရေမြေသဘာဝအရ မျက်စိအကျခံရသော အမိမြန်မာနိုင်ငံတော်သည် အင်္ဂလိပ်တို့၏ ကျူးကျော်ခြင်းကို ခံခဲ့ရသည်။

ဗြိတိသျှတို့သည် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွဲ၍ မြန်မာပြည်ကို သိမ်းပိုက်ခဲ့သည်။ ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် ရခိုင်နှင့် တနင်္သာရီကို ဆုံးရှုံးခဲ့ရသည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းကို ဆုံးရှုံးခဲ့ရပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အထက်မြန်မာပြည်၏ မင်းနေပြည်တော် မန္တလေးမြို့ကိုပါ သိမ်းပိုက်ခံရပြီး မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ရာမှ အချုပ်အချယ်အနှောင်အဖွဲ့ အတားအဆီးများဖြင့်နေထိုင်ကြရသောအခါ လက်မခံနိုင်ဖြစ်ကြရသည်။ ချုပ်ချယ်မှုအနှောင်အဖွဲ့မှ လွတ်မြောက်လိုစိတ်များဖြစ်ပေါ်လာကြသည်။ ရုန်းထွက်လိုစိတ်များပေါက်ပွားလာခဲ့ကြသည်။ နေရာဒေသမရွေး၌ ရရာလူ၊ ရရာလက်နက်များကိုင်ဆောင်လျက် တော်လှန်ပုန်ကန်မှုများ ပြုလုပ်လာကြသည်။ နယ်မြေဒေသအလိုက် နေရာတိုင်း၌ တော်လှန်ခဲ့ကြသော်လည်း တော်လှန်ရေးအင်အားစုများ ပေါင်းစပ်စုစည်း၍ တိုက်ခိုက်ခြင်းမျိုးမရှိခဲ့ပေ။ ပြည်သူတစ်ရပ်လုံးအား နိုးကြားတက်ကြွစွာဖြင့် တော်လှန်ရေးတွင်ပါဝင်လာခဲ့ခြင်းလည်း မရှိခဲ့ပေ။ ထိုသို့ ပါဝင်လာစေရေးအတွက် စည်းရုံးနိုင်မှုစွမ်းအားလည်း နည်းပါးနေသေးသည့်အချိန်ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်များမှာ စစ်နည်းဗျူဟာကျွမ်းကျင်ခြင်း၊ လက်နက်အင်အားကောင်းမွန်ခြင်းတို့ကြောင့် တော်လှန်ရေးသည် မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။

အင်္ဂလိပ်တို့သည် မြန်မာတိုင်းရင်းသားတို့၏ တော်လှန်ပုန်ကန်မှုများအား နိုင်နင်းစွာနှိမ်နင်းနိုင်ခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေးကိုလည်း အောင်မြင်စွာ ဖော်ဆောင်ခဲ့သည်။ နိုင်ငံရေးတွင် ဖိနှိပ်အုပ်ချုပ်သကဲ့သို့ စီးပွားရေးတွင်လည်း သွေးစုပ်ခြယ်လှယ်ခဲ့သည်။ လူမှုရေးတွင်လည်း မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို ရိုက်ချိုးခဲ့သည်။ အင်္ဂလိပ်အရာရှိများအား သခင်ဟုတပ်ခေါ်ခဲ့စေပြီး ဘုရားထူးရသည်ထိ မြန်မာတို့အား ချိုးနှိမ်ခဲ့သည်။ ထိုသို့ ချိုးနှိမ်ခံရမှုကြောင့် မြန်မာတို့ မကျေမနပ်ဖြစ်လာခဲ့သည်။ ထိုမကျေနပ်မှုကပင် မြန်မာတို့၏ရင်ထဲသို့ မျိုးချစ်စိတ်များပေါက်ဖွားလာစေခဲ့သည်။ နိုင်ငံရေးအသိစိတ်များ ရှင်သန်လာစေခဲ့သည်။ မြန်မာတို့ အင်္ဂလိပ်လက်အောက်ကျရောက်၍ သူ့ကျွန်ဘဝဖြင့် နှစ် ၂၀ ခန့် ကြာလာသောအခါ မြန်မာလူမျိုး ဘွဲ့ရကျောင်းသားများ ရှိလာခဲ့သည်။ ထိုကောလိပ်ကျောင်းသားများက ကမ္ဘာ့နိုင်ငံရေးကို လေ့လာခဲ့ကြသည်။ ဗြိတိသျှတို့၏ လက်အောက်ခံ ကိုလိုနီနိုင်ငံများ၏ အမျိုးသားရေးလှုပ်ရှားမှုများကို လေ့လာခဲ့ကြသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေကိုလည်း ဂရုပြုလာမိခဲ့သည်။ ထိုနိုင်ငံများကဲ့သို့ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများလုပ်ကိုင်ရန် စတင်နိုးကြားလာခဲ့သည်။ အိန္ဒိယနိုင်ငံကဲ့သို့ အသင်းအဖွဲ့များဖွဲ့စည်းရန် အမြင်ရှိလာကြသည်။ ကိုလိုနီခေတ်ဖြစ်၍ ဗြိတိသျှအစိုးရကလည်း နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းအား တားဆီးကန့်သတ်မည်ဖြစ်သည်။ မြန်မာမျိုးချစ်လူငယ်များကလည်း ဗြိတိသျှတို့လက်ခံမည့် အသင်းအဖွဲ့ကိုဖွဲ့စည်း၍ ဘောင်အတွင်းမှလှုပ်ရှားရန် အမြင်များပွင့်လင်းလာခဲ့သည်။

ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်ဖြင့် ဖိနှိပ်ချုပ်ချယ်မှု၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများ ဖြစ်ပေါ်ပြောင်းလဲမှုတို့ကြောင့် မြန်မာတို့၏အတွေးအမြင်များကို ပြောင်းလဲစေခဲ့သည်။ မြန်မာတို့သည်(Y.M.C.A) အသင်းကို နမူနာယူလျက် ဦးဘဖေ၊ အမ်အေဦးမောင်ကြီး၊ ဒေါက်တာဘရင်တို့ဦးဆောင်၍ ၁၉၀၆ ခုနှစ်တွင် ဘာသာရေးကိုအခြေခံသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Young Men's Buddhist Association)(Y.M.B.A) အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုအသင်းကြီးသည် ဗုဒ္ဓဘာသာကြီးပွားတိုးတက်ပြန့်ပွားရေး၊ နိမ့်ကျနေသော မြန်မာ့ပညာရေးကို မြှင့်တင်ရန်ဖြစ်သည်။ အမျိုးဘာသာသာသနာကြီးပွားတိုးတက်အောင်မြှင့်တင်ပေးရေးဟူသည့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ "အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာရေးကို အားပေးပါ"ဆိုသည့် ကြွေးကြော်သံများဖြင့် တက်ကြွစွာ စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ (Y.M.B.A) အသင်း၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်လာခဲ့သည်။ ၁၉၂၀ ပြည့်နှစ်အောက်တိုဘာလတွင် ဘာသာရေးဆန်သည့် (Y.M.B.A)အသင်းအမည်ကို နိုင်ငံရေးဆန်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ့အသင်းချုပ်ကြီး (General Concil of Burmese Association ) (G.C.B.A)ဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်။ (G.C.B.A) အသင်း၏ လှုံ့ဆော်မှုဖြင့် ရန်ကုန်တက္ကသိုလ် ပထမကျောင်းသားသပိတ်ပေါ်ပေါက်ခဲ့ပြီး ခေတ်ပညာတတ်တက္ကသိုလ်ကျောင်းသားများ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဒို့ဗမာအစည်းအရုံးကို ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များ၏ အမည်ရှေ့တွင် သခင်တပ်၍ခေါ်စေခဲ့သည်။ "သခင်မျိုးဟေ့ ဒို့ဗမာ"ဟူသော ကြွေးကြော်သံဖြင့် မြန်မာလူမျိုးတို့သည် ကျွန်မျိုးမဟုတ် သခင်မျိုးသာဖြစ်ကြောင်း သခင်သွေးသခင်စိတ်ကိုသွေးပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များဖြစ်သော သခင်အောင်ဆန်း၊ သခင်နု၊ သခင်ဗစိန်တို့လည်း ဒို့ဗမာအစည်းအရုံးဝင်များဖြစ်လာကြသည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်ဖြင့် ဒို့ဗမာအစည်းအရုံးဝင်များ ပေါင်းစပ်မိခဲ့သည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလတွင် တတိယကျောင်းသားသပိတ်ပေါ်ပေါက်လာခဲ့သည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီလတွင် သပိတ်ပေါင်းစုံပါဝင်သည့် လူထုအစည်းအဝေးကြီးကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး အုံကြွလာခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ရာ ဗြိတိသျှတို့ အကျပ်အတည်းနှင့်ရင်ဆိုင်ကြရသည်။ "အင်္ဂလိပ်အခက် ဗမာ့အချက်"ဟု ကြွေးကြော်၍ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်ရန် ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းခဲ့သည်။ ခေတ်ပညာတတ်လူငယ်ခေါင်းဆောင် သခင်အောင်ဆန်းက ဗြိတိသျှလက်အောက်မှလွတ်မြောက်ရန် လက်နက်ကိုင်တော်လှန်ရမည်၊ နိုင်ငံခြားအကူအညီရယူရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် သခင်အောင်ဆန်းနှင့် မျိုးချစ်လူငယ် စုစုပေါင်းသုံးကျိပ်တို့ အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ရန်အတွက်စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ လျှို့ဝှက်ဆက်သွယ်ထွက်ခွာခဲ့ကြသည်။

၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်တို့သည် ယိုးဒယားနိုင်ငံ၌ လက်မောင်းသွေးဖောက်၍ သွေးသောက်စစ်သည်ဖွဲ့စည်းခဲ့သည်။ ဂျပန်တပ်များနှင့်ပူးပေါင်းပြီး မြန်မာပြည်တွင်းသို့ဝင်ရောက်ခဲ့သည်။ မြန်မာပြည်တွင်းမှ မျိုးချစ်စစ်သည်များအားစုဆောင်းသိမ်းသွင်းပြီး အင်္ဂလိပ်တို့အား တိုက်ခိုက်မောင်းထုတ်ခဲ့သည်။ အင်္ဂလိပ်များအား တွန်းလှန်တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့သော်လည်း ဂျပန်တို့က စစ်မှန်သောလွတ်လပ်ရေးကို မပေးဘဲ ရွှေရည်စိမ်လွတ်လပ်ရေးသာပေးခဲ့သည်။ မြန်မာတစ်မျိုးသားလုံး ဖက်ဆစ်တို့၏စနစ်ဆိုးကိုအလူးအလဲခံကြရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်လူငယ်များ ဖက်ဆစ်ကိုတန်ပြန်တိုက်ခိုက်ရန် ကြိုးပမ်းကြရပြန်သည်။ ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်များနှင့်ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့အား ပြန်လည်တိုက်ခိုက်မောင်းထုတ်ခဲ့သည်။ ဂျပန်တို့ ကမ္ဘာတွင် စစ်ရေးနိမ့်ချိန်၊ ဟိုကိုရှီးမား၊ နာဂါဆာကီမြို့များ အဏုမြူဗုံးခွဲခံရပြီး လက်နက်ချအညံ့ခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ ကျဆုံးခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။ မြန်မာတို့အတွက် သင်ခန်းစာအမြောက်အမြားရရှိခဲ့သည်။ နိုင်ငံရေးအတွေးအခေါ်များ ပြောင်းလဲလာစေခဲ့သည်။ မိမိတို့၏တိုင်းပြည် လွတ်လပ်ရေးအဓွန့်ရှည်တည်မြဲရန်အတွက် တပ်မတော်လိုအပ်ကြောင်း သိရှိလာခဲ့သည်။ နိုင်ငံတကာစစ်တပ်များကဲ့သို့ စစ်နည်းဗျူဟာကျွမ်းကျင်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရှိလာခဲ့သည်။ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့ ဖွဲ့စည်းရမည်ဖြစ်ကြောင်း အသိတိုးလာခဲ့သည်။

၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဗမာ့လေတပ်မတော်(Burma Air Force) (BAF)ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတို့ဖွဲ့စည်းခွင့်ပြုခဲ့သော ဗမာ့အဖျော်တမ်းလေတပ်(BVAF)ကို ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ဖွဲ့စည်းစကာလများအတွင်း ရန်ကုန်နှင့် မှော်ဘီတို့၌ အခြေပြုခဲ့သည်။ ၁၉၅၅ ခုနှစ်နှောင်းပိုင်းတွင် အမှတ်(၅၀၁)လေတပ်အုပ်စု(မှော်ဘီ)နှင့် အမှတ်(၅၀၂)လေတပ်အုပ်စု(မင်္ဂလာဒုံ)တို့ကို ထပ်မံဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် လေ့ကျင့်ရေးလေတပ်စခန်းတစ်ခုကို မိတ္ထီလာ၌ဖွဲ့စည်းပြီး တစ်ချိန်တည်းမှာပင် ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် လေ့ကျင့်ရေးလေတပ်စခန်းနေရာ၌ အစားထိုးရန် မိတ္ထီလာတွင် မြေပြင်အတတ်သင်လေတပ်စခန်းနှင့် ရှမ်းတဲတွင် လေကြောင်းအတတ်သင်လေတပ်စခန်းတို့ကို ဖွဲ့စည်းခဲ့ပြီး မြစ်ကြီးနား၌ အမှတ်(၅၀၃)လေတပ်စခန်းကို အဆင့်မြှင့်တင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဗမာ့လေတပ် Burma Air Force (BAF) ကို Myanmar Air Force(MAF) ဟု ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

❖ ၁၉၆၀ ပြည့်နှစ်တွင် လေ့ကျင့်ရေးလေတပ်စခန်းတစ်ခုကို မိတ္ထီလာ၌ ဖွဲ့စည်းပြီး တစ်ချိန်တည်းမှာပင် ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် လေ့ကျင့်ရေးလေတပ်စခန်းနေရာ၌အစားထိုးရန် မိတ္ထီလာတွင် မြေပြင်အတတ်သင်လေတပ်စခန်းနှင့် ရှမ်းတဲတွင် လေကြောင်းအတတ်သင်လေတပ်စခန်းတို့ကိုဖွဲ့စည်းခဲ့ပြီး မြစ်ကြီးနား၌ အမှတ်(၅၀၃)လေတပ်စခန်းကို အဆင့်မြှင့်တင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင်ဗမာ့လေတပ် Burma Air Force (BAF) ကို Myanmar Air Force (MAF) ဟု ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ❖

အမိမြန်မာနိုင်ငံတော်သည် စနစ်တကျဖွဲ့စည်းထား

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

➤ စာမျက်နှာ ၄ မှအဆက်

သည့် တပ်မတော်မရှိခြင်း၊ ခေတ်မီစစ်နည်းဗျူဟာများ တတ်ကျွမ်းမှုမရှိခြင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်း မပြည့်စုံခြင်းတို့ကြောင့် တစ်ပါးသူတို့လက်အောက် ကျရောက်ခဲ့ရခြင်းဖြစ်သည်။ တပ်မတော်အကြီးအကဲသည် ကမ္ဘာ့စစ်နည်းဗျူဟာများကို လေ့လာသည်။ သုံးသပ်သည်။ မိမိနိုင်ငံကာကွယ်ရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)ကို အခိုင်အမာဖွဲ့စည်းသည်။ နိုင်ငံတော်၏အခြေအနေနှင့်ကိုက်ညီသည့် ဘဏ္ဍာရေးဖြင့် စစ်လက်နက်ပစ္စည်းများ ဖြည့်တင်းဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပထမနှင့် ဒုတိယကမ္ဘာစစ်များ၏အတွေ့အကြုံအရ မိမိတို့၏နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရေးကြိုးပမ်းကြသည်။ စစ်ပွဲတစ်ခု၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးခဲ့သည့်ဖြစ်ရပ်များကို ပြန်လည်ဆန်းစစ်ကြသည်။ ပင်လယ်ရေကြောင်းတွင် စစ်ဆင်နိုင်မှု၊ ရေကြောင်းတိုက်ပွဲတွင် လေကြောင်းစွမ်းအားအရေးပါမှု၊ ရန်သူကိုရင်ဆိုင်တိုက်ခိုက်နိုင်ရန်အတွက် အချိန်တိုအတွင်း လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လေကြောင်းစွမ်းအား အဓိကကျမှုနှင့် လေကြောင်းချီစစ်ဆင်ရေး၏ အဓိကကျမှုတို့ကို သိရှိလာကြသည်။ လေကြောင်းချီစစ်ဆင်ရေးသည် အချိန်တိုအတွင်း၌ ရန်သူ့နယ်မြေအတွင်းအလျင်အမြန်ထိုးဖောက်စစ်ဆင်နိုင်ကြောင်း၊ လိုအပ်သည့်စစ်လက်နက်ပစ္စည်းများအား တစ်ပါတည်း ပို့ဆောင်နိုင်ကြောင်း သိရှိလာခဲ့ကြသည်။ ဤသို့ဖြင့် လေကြောင်းအင်အားအရေးပါမှုကိုသိရှိလာသည့် နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်တို့သည် လေကြောင်းအားသာရေးအခန်းကဏ္ဍကို ဦးစားပေးလုပ်ဆောင်လာကြသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်အတွက်လည်း တပ်မတော်အင်အားရှိရမည်။ အဆင့်မြင့်မားသည့်လေကြောင်းစွမ်းအားပိုင်ဆိုင်ရမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့တပ်မတော်(လေ)အနေဖြင့် စတင်ဖွဲ့စည်းချိန်တွင် Tiger Moth၊ Auster၊ Oxford၊ Consul စသည့်လေယာဉ်များကိုသာ သုံးစွဲခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှုများနှင့် ကျူးကျော်စစ်များကို နှိမ်နင်းရန်အတွက် တိုက်ခိုက်ရေးလေယာဉ် သီးခြားမရှိသဖြင့် မိမိတို့တွင်ရှိသည့်လေယာဉ်များကိုပင် တီထွင်ဖန်တီး၍ တိုက်ခိုက်ရေး၌အသုံးပြုခဲ့ရသည်။ သယ်ယူပို့ဆောင်ရေးလေယာဉ်အဖြစ် Oxford၊ Consul၊ Bristol တို့ကို အသုံးပြုခဲ့ရသည်။ ၁၉၅၄ ခုနှစ် နှောင်းပိုင်းတွင် Provost လေယာဉ်များကို အစားထိုးအသုံးပြုခဲ့သည်။ ထို့နောက် Spitfire၊ Seafire၊ Vampire T-55၊ Sea Fury နှင့် LockheedT-33 တို့ကို အားဖြည့်အသုံးပြုခဲ့သည်။ သယ်ယူပို့ဆောင်ရေးလေယာဉ်အဖြစ် Dakota C-47၊ Beechcraft D18S နှင့် Fokker F-27 တို့ကို အားဖြည့်အသုံးပြုခဲ့သည်။ တိုင်းပြည်ကာကွယ်ရေးအတွက် PC-6၊ PC-7၊ PC-9နှင့် G-4လေယာဉ်တို့ကိုလည်း အသုံးပြုနိုင်ခဲ့သည်။ တပ်မတော်(လေ)စတင်ဖွဲ့စည်းစဉ်ကာလ၌ ရဟတ်ယာဉ်များမရှိခဲ့သော်လည်းနောက်ပိုင်း၌ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေသုံးရဟတ်ယာဉ်များအဖြစ် Bell-47G၊ Vertol CH-21C၊ Alouette နှင့် Husky တို့ကို အသုံးပြုလာနိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အားဖြည့်ခဲ့သောလေယာဉ်များမှာ Bell-205 ရဟတ်ယာဉ်များဖြစ်သည်။ ထို့နောက်ပိုင်းတွင် Bell-206၊ Sokol၊ Mi-2 စသည့်ရဟတ်ယာဉ်များကိုလည်း အားဖြည့်နိုင်ခဲ့သည်။ လေ့ကျင့်ရေးပိုင်းတွင်လည်း Provost နှင့် Marchetti SF-260 လေယာဉ်များအစား PT-6 လေယာဉ်များဖြင့် အစားထိုးခဲ့သည်။ နိုင်ငံတကာလေတပ်များကဲ့သို့ အဆင့်မြင့်သင်ကြားပို့ချနိုင်ရေးအတွက် အစဉ်အမြဲအားဖြည့်ပေးလျက်ရှိရာ လေ့ကျင့်ရေးလေယာဉ်များအဖြစ် Grob-120 TP၊Y-12 (သယ်/ပို့လေယာဉ်)နှင့် K-8(ဂျက်လေယာဉ်)များ အင်အားဖြည့်တင်းနိုင်ခဲ့သည်။ တိုက်ခိုက်ရေးလေယာဉ်အဖြစ်အသုံးပြုသည့် F-7၊ A-5 နှင့် K-8 လေယာဉ်များနည်းတူ MiG-29၊ Yak-130 နှင့် JF-17 စသည့်အဆင့်မြင့်လေယာဉ်များ တပ်မတော်(လေ)ကို အင်အားဖြည့်တင်းခဲ့ပြီးဖြစ်သည်။

တပ်မတော်(လေ)အနေဖြင့် နှစ်ပတ်လည်နေ့အခမ်းအနားအား နှစ်စဉ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အင်အားဖြည့်တင်းသည့် လေယာဉ်၊ ရဟတ်ယာဉ်များကိုလည်း တပ်တော်ဝင်အခမ်းအနားဖြင့် ထိုနေ့၌ပင် ပြုလုပ်ခဲ့သည်။

တပ်မတော်(လေ)အနေဖြင့် စိန်ရတုအလွန်နှစ်များသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထိုကာလများအတွင်း လေကြောင်းစစ်ဆင်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပေပြီ။ ရေပြင်၊ မြေပြင်တပ်ဖွဲ့များပူးပေါင်း၍ စစ်ဆင်ရေးများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ လေကြောင်းထောက်ပံ့ပို့ဆောင်ပေးမှုရှေ့တန်းစစ်စခန်းများသို့ ရိက္ခာနှင့် စစ်လက်နက်ပစ္စည်းများပို့ဆောင်ပေးမှုတို့ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပေသည်။ တပ်မတော်(ကြည်း) မြေပြင်တပ်ဖွဲ့များနှင့်ပေါင်းစပ်လျက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်နိုင်ခဲ့သည်။ တပ်မတော်(လေ)၏ အောင်မြင်စွာဆောင်ရွက်မှုများဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်။ ယခုအချိန်အခါတွင် တပ်မတော်(လေ)အနေဖြင့် အမောင်းသင်လေယာဉ်၊ ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များကို ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်ရေးအတွက် အားဖြည့်အဆင့်မြှင့်တင်လျက်ရှိပေသည်။ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး”တို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်ပိုင်နက်နယ်မြေကို ထိပါးလာပါက အသက်စွန့်ကာကွယ်စောင့်ရှောက်သွားကြမည်ဖြစ်သည်။ အနာဂတ်ကာလတွင် ဝေဟင်မြေပြင်စစ်ဆင်မှု၊ ဝေဟင်ဝေဟင်စစ်ဆင်မှု၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ပစ်ခတ်ခြင်း၊ ကင်းထောက်ခြင်း၊ ရှေ့တန်းစခန်းများသို့ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာနှင့် ဆေးဝါးပစ္စည်းများပို့ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ လေယာဉ်တင်စစ်ဆင်ရေးများဆောင်ရွက်ခြင်းတို့ကို ချိန်ကိုက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်(လေ)သည် အမိမြန်မာနိုင်ငံတော်၏ ပိုင်နက်နယ်ပယ်ဖြစ်သည့် မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ ထိုသို့ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲသည် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိသည်။ တပ်မတော်(လေ)ကိုလည်း ခေတ်မီပြီးထိရောက်သော လေကြောင်းအာကာသစွမ်းအားပိုင်ဆိုင်သည့်တပ်မတော်(လေ)နှင့် ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့်တပ်မတော်(လေ)ဖြစ်စေရန် အလေးထားဖြည့်စွမ်းပေးလျက်ရှိသည်။ တပ်မတော်(လေ)ရှိ လေသူရဲများ၊ စက်မှုလက်မှုအရာရှိ၊ စက်မှုလက်မှုစစ်သည်များ၊ အီလက်ထရွန်နစ်အရာရှိ၊ စစ်သည်များ၊ အုပ်ချုပ်ထောက်ပံ့မှုအရာရှိ၊ စစ်သည်များအနေဖြင့် တပ်မတော်(လေ)၏ ကောင်းမြတ်သောအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံအသီးသီးအနေဖြင့်လည်း တပ်မတော်အင်အားတိုးချဲ့အဆင့်မြှင့်တင်မှုများ ပြုလုပ်နေကြမည်သာဖြစ်သည်။ အနာဂတ်ကာလစစ်ပွဲများမှာ တိုက်ပွဲပုံသဏ္ဍာန်နှင့် နည်းဗျူဟာများကွဲပြားလာနိုင်သည်ကို ကြိုတင်တွက်ဆထားရမည်ဖြစ်သည်။ တိုက်ပွဲများလျင်မြန်မှု၊ ပြင်းထန်မှုများ ဖြစ်ပေါ်လာနိုင်သည်ကိုမှန်းဆလျက် မိမိတို့သည်လည်း ပြင်ဆင်ထားရမည်ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် လေကြောင်းစစ်ဆင်ရေးမှူးစွမ်းပကားများအား စွမ်းရည်မြင့်မားထက်မြက်စွာဖြင့် လျင်မြန်ထိရောက်စွာ တုံ့ပြန်စစ်ဆင်နိုင်ရေး စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ တပ်မတော်(လေ)အား ခေတ်မီစွမ်းရည်ထက်မြက်သည့် လေကြောင်းစွမ်းအားပိုင်ဆိုင်သည့် တပ်မတော်(လေ)ဖြစ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလျက် (၇၆) နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်အခမ်းအနားကို ဂုဏ်ပြုဖော်ညွှန်းရေးသားလိုက်ရပါသည်။

## ကောင်းကင်အမွေဆက်ခံစေ

- ကမ္ဘာတည်စွာ မော်ကွန်းထိုးဖြစ်ကြစေတော့
မြန်မာပြည်မှာပေါ်ထွန်းတဲ့ မျိုးချစ်လေသူရဲတွေမို့
တပ်မတော်(လေ) တော်ဝင်ပန်း
ရှင်လန်းတဲ့အမိမြေ အခြေမြဲစေဖို့
ရဲသုံးရဲနဲ့ တိုက်ပွဲဝင်
မြဲသုံးမြဲနဲ့ အောင်ပွဲဆင်။

- ဝေဟင်မှာ လေယာဉ်ဝဲကာပ
မြေပြင်မှာ အမြဲမပြတ်သတိနဲ့
ရေပြင်မှာ အကဲခတ်ကြည့်ခဲ့
ဇွဲသတ္တိအပြည့်ပင်။

- ကြည်း၊ ရေ၊ လေ လက်တွဲဖော်ချင်းတွေမို့
ခရီးရှည်အခက်အခဲတွေ ဖြတ်ကျော်နင်းကာပ
မမြင်မကြားသာ အရိုင်းအသိနဲ့မယုံချင်ရင်
ထင်ရှားစွာသမိုင်းရှိခဲ့ တစ်ပုံတစ်ပင်ပေမို့
ယုန်ထင်ကြောင်ထင် သဘောကဲသူတို့ကို
ကုန်စင်အောင် ပြောလဲပြောပြချင်
တလွဲမြင် သတိလွတ်သူတို့အတွက်
အစွဲချွတ်တဲ့ပွဲ။

- ဒို့ဝေဟင် ပိုင်နက်ထဲမှာလ
ယိုင်နဲ့လဲ သူတို့အခြေပင်
ထို့လေယာဉ် အနိုင်နဲ့လွှမ်းမယ်ပ
စွမ်းရည်လည်း မြင့်စေကြောင်း
စွမ်းအားလည်း ကောင်းကြစေ
အပေါင်းမင်္ဂလာတွေ လက်ခံမြဲကြစေတော့
ကောင်းအစဉ်အလာ သွေမပျက်ရန်နွဲကြတဲ့
ကောင်းကင်အမွေ ဆက်ခံတဲ့ပွဲပေမို့
ဘက်မတန်အဖျက်ရန်သူတွေ ပြိုကာလဲကျစေဖို့
မနက်ဖြန်ဆက်ရန် ဆိုတာလည်း မရှိစေဖို့
(အမိမြေအတွက်---)
ထက်သန်တဲ့ဇွဲ။ ။

ဖြိုးအောင်(ပျဉ်းမနား)

## ပဲခူးမြို့နယ်၌ ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဌာနအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များ၊ လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ရက် ၂၀ ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်




# ရုရှား၏ စစ်ရေးရည်မှန်းချက်အောင်မြင်ချိန်၌ ယူကရိန်းငြိမ်းချမ်းရေးရမည်ဟု သမ္မတပူတင် ပြောကြား

**မော်စကို ဒီဇင်ဘာ ၁၄**

ရုရှားနိုင်ငံ၏ စစ်ရေးရည်မှန်းချက်များပြည့်မြောက်အောင်မြင်မှသာ ယူကရိန်းနိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ကျင်းပသည့် နှစ်ကုန်ရုပ်သံသတင်းစာရှင်းလင်းပွဲ၌ အတည်ပြုပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ရည်မှန်းချက်များမှာ အပြောင်းအလဲမရှိကြောင်း၊ ထိုရည်မှန်းချက်များ ပြည့်မြောက်မှသာ ရုရှားနှင့်ယူကရိန်းအကြား ငြိမ်းချမ်းရေး တည်ရှိလာမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ရုရှားနိုင်ငံအနေဖြင့် ဒုတိယအကြိမ် အရန်တပ်ဖွဲ့ဝင်များ ဆင့်ခေါ်ရန်အစီအစဉ်မရှိကြောင်း ရုရှားသမ္မတပူတင်က အတည်ပြုခဲ့သည်။

လက်ရှိအချိန်တွင် ယူကရိန်းစစ်မြေပြင်၌ ဆင့်ခေါ်ထားသည့် အရန်တပ်ဖွဲ့ဝင် ၂၄၄၀၀၀ ခန့်အပါအဝင် ရုရှားတပ်ဖွဲ့ဝင် ၆၁၇၀၀၀ ခန့်ထိရှိနေကြောင်း နှစ်ကုန်ရုပ်သံသတင်းစာရှင်းလင်းပွဲ၌ သမ္မတပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် နှစ်စဉ်ကျင်းပမြဲ နှစ်ကုန်သတင်းစာရှင်းလင်းပွဲကို ပြီးခဲ့သည့်နှစ်တွင်ကျင်းပခဲ့ခြင်းမရှိဘဲ ယခုနှစ်မှသာပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ် နှစ်ကုန်သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များနှင့်အတူ သာမန်ပြည်သူများလည်း သမ္မတပူတင်ထံမေးခွန်းများ ပေးပို့ခွင့်ရခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကေအမ်တီပါတီ ဒုတိယဥက္ကဋ္ဌအင်ဒရူးရှား တရုတ်နိုင်ငံသို့ရောက်ရှိ



**တိုင်ပေ ဒီဇင်ဘာ ၁၄**

တရုတ်(တိုင်ပေ)၏ အဓိက အတိုက်အခံပါတီဖြစ်သည့် ကေအမ်တီပါတီထိပ်တန်း ခေါင်းဆောင်တစ်ဦးသည် တရုတ်နိုင်ငံသို့ ရောက်ရှိနေကြောင်း ကေအမ်တီပါတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ကေအမ်တီပါတီ ဒုတိယဥက္ကဋ္ဌ အင်ဒရူးရှားသည် တရုတ်(တိုင်ပေ) သမ္မတရွေးကောက်ပွဲ မကျင်းပမီ တစ်လမျှအလိုတွင် တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း အင်ဒရူးရှားအနေဖြင့် တရုတ်ပြည်မကြီးရှိ တရုတ်(တိုင်ပေ)နွယ်ဖွားများနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ကေအမ်တီပါတီ ကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ကေအမ်တီပါတီသည် လက်ရှိအာဏာရပါတီကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော် ရွေးကောက်ပွဲများ၌ အနိုင်ရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများသည် တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးအကြား ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားပြီး လိုအပ်ပါက စစ်အင်အားသုံး၍ ပြည်မကြီး အချုပ်အခြာအောက် ပြန်လည်ထည့်သွင်းမည်ဟုကြေညာထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အစ္စရေးနှင့်ဟားမတ်စ်တို့၏ ဂါဇာစစ်ပွဲကြောင့် အိမ်နီးချင်းအာရပ်နိုင်ငံများစီးပွားရေးအရ ဆုံးရှုံးနစ်နာ

**အမ္မန် ဒီဇင်ဘာ ၁၄**

အစ္စရေးနှင့်ဟားမတ်စ်အုပ်စုတို့အကြားဖြစ်ပွားနေသော လက်ရှိစစ်ပွဲကြောင့် ဂါဇာကမ်းမြောင်နှင့် အိမ်နီးချင်း အာရပ်နိုင်ငံများဖြစ်ကြသော လက်ဘနွန်၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံတို့မှာ ယခုနှစ်အတွင်း စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိရှိလာနိုင်ကြောင်း ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့ပြင် အစ္စရေးနှင့်ဟားမတ်စ်စစ်ပွဲ နောက်ဆက်တွဲအကျိုးဆက်အဖြစ် အဆိုပါအာရပ်နိုင်ငံ သုံးနိုင်ငံတို့၌ လူဦးရေ ၂၃၀၀၀၀ ကျော် ဆင်းရဲတွင်းနက်သွားနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ သုံးသပ်ထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်တွင် ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေး-ဟားမတ်စ်စစ်ပွဲစတင်ခဲ့ရပြီး ယခုဆိုလျှင်နှစ်လကျော်ကြာမြင့်နေပြီဖြစ်သည်။

လက်ဘနွန်၊ အီဂျစ်နှင့်ဂျော်ဒန်တို့အနေဖြင့် ဘဏ္ဍာရေးပြဿနာ ဖိအားများ၊ ငွေတန်ဖိုးဖောင်းပွမှုပြဿနာ၊ အလုပ်လက်မဲ့နှုန်း မြင့်တက်လာမှုပြဿနာနှင့်ရင်ဆိုင်နေရစဉ် ဂါဇာစစ်ပွဲစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုစစ်ပွဲကြောင့် အဆိုပါအာရပ်နိုင်ငံသုံးနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ ဘီလီယံထိရှိလာနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့အတူ အစ္စရေး-ဟားမတ်စ်စစ်ပွဲ နောက်ထပ်ခြောက်လထပ်မံဖြစ်ပွားခဲ့ပါက အဆိုပါအာရပ်နိုင်ငံများ၏ စီးပွားရေးအရဆုံးရှုံးမှုမှာ နှစ်ဆမြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ပင်လယ်နီနိုင်ငံစုံရေတပ်အုပ်စု ဖွဲ့စည်းရေး အဆိုပြုချက် အီရန်ကာကွယ်ရေးဝန်ကြီးသတိပေး

**တီဟီရန် ဒီဇင်ဘာ ၁၄**

ပင်လယ်နီရေပြင်အတွင်းသွားလာနေသည့် သင်္ဘောများကို ကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံ ကျောထောက်နောက်ခံပြု နိုင်ငံစုံ ရေတပ်အုပ်စုဖွဲ့စည်းရေး အဆိုပြုချက်သည် ပုံမှန်နှင့်ကွဲပြားသောပြဿနာများဖြင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ရီဇာအက်ရှ်တီယာနီက ယနေ့တွင် သတိပေးလိုက်သည်။

ပင်လယ်နီဒေသ၌ အရပ်ဘက်ကုန်တင်သင်္ဘောများကို အကာအကွယ်ပေးရေးအတွက် နိုင်ငံစုံအထူးရေတပ်အုပ်စု ဖွဲ့စည်းရန် အခြားနိုင်ငံများနှင့် ဆွေးနွေးနေကြောင်း အမေရိကန်တာဝန်ရှိသူများကပြောကြားခဲ့ပြီးနောက် အီရန်ကာကွယ်ရေးဝန်ကြီး၏ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် သင်္ဘောများကို ဆက်တိုက် တိုက်ခိုက်ခဲ့ပြီးနောက် ပင်လယ်နီ နိုင်ငံစုံရေတပ်အုပ်စုဖွဲ့စည်းရေးအစီအစဉ်ကို အမေရိကန်နိုင်ငံက အဆိုပြုထားခြင်းဖြစ်သည်။

ပင်လယ်နီဒေသအတွက် နိုင်ငံစုံရေတပ်အုပ်စုဖွဲ့စည်းခြင်းကဲ့သို့ ရှေ့နောက်မဆင်ခြင်သည့်လုပ်ရပ်မျိုးသည် ပုံမှန်မဟုတ်သည့်ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက အီရန်မီဒီယာများသို့ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ပင်လယ်နီနိုင်ငံစုံရေတပ်အုပ်စု ဖွဲ့စည်းမည်ဆိုပါက မည်သို့ပြန်လည်တုံ့ပြန်ရန်စီစဉ်ထားသည်ကို အီရန်ကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား စစ်ပွဲစတင်ဖြစ်ပွားချိန် အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစ၍ ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီရေပြင်အတွင်း အစ္စရေးနှင့်ပတ်သက်နေနိုင်သည့် သင်္ဘောများကို တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အိန္ဒိယလွှတ်တော်အဆောက်အအုံအတွင်းသို့ အမျိုးသားနှစ်ဦးဝင်ရောက်၍ မီးခိုးပုံးဖောက်ခွဲ

**ဒေလီ ဒီဇင်ဘာ ၁၄**

နယူးဒေလီမြို့ အိန္ဒိယလွှတ်တော် အဆောက်အအုံ၌ အမျိုးသားနှစ်ဦးက ဒီဇင်ဘာ ၁၃ ရက်က ဧည့်ဆောင်မှတစ်ဆင့် အောက်လွှတ်တော် ခန်းမဆောင်အတွင်းသို့ဝင်ရောက်ခဲ့ရာ လုံခြုံရေးတာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားနှစ်ဦးနှင့် ကြံရာပါအဖြစ်ယူဆရသူ အမျိုးသားနှစ်ဦးကိုလည်း လွှတ်တော်ပြင်ပ၌ အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အောက်လွှတ်တော် ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာသူ အမျိုးသားနှစ်ဦးအနက် တစ်ဦးက လွှတ်တော်ခန်းမဆောင်အတွင်း မီးခိုးပုံးဖောက်ခွဲခဲ့ကြောင်း အိန္ဒိယ ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။



လွှတ်တော် အဆောက်အအုံအတွင်းဝင်ရောက်ရန်ကြိုးစားခဲ့သူ အမျိုးသား လေးဦးကို အကြမ်းဖက်ဝါဒစွဲချက်ဖြင့် အိန္ဒိယရဲတပ်ဖွဲ့က အမှုဖွင့်ထားသည်။

အဆိုပါ လုံခြုံရေးချိုးဖောက်မှုဖြစ်စဉ်သည် ယခုနှစ် မေလအတွင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီ ဖွင့်လှစ်ပေးခဲ့သည့် လွှတ်တော်သစ်အဆောက်အအုံ၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။


လွှတ်တော်လုံခြုံရေးကျိုးပေါက်မှုဖြစ်ပွားခဲ့ရပြီးနောက် လွှတ်တော်၏ မေတ္တာရပ်ခံချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှည့်လာရေးယာဉ် ဒီဇင်ဘာ ၁၃ ရက်တွင် အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိမှုကာလ အင်္ဂါဂြိုဟ်ရက်ပေါင်း ၁၀၀၀ ပြည့်ပြီဖြစ်



**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ် ဒီဇင်ဘာ ၁၃ ရက်တွင် အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိမှုကာလ အင်္ဂါဂြိုဟ်ရက်ပေါင်း ၁၀၀၀ ပြည့်ပြီဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က အင်္ဂါဂြိုဟ်၏ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆင်းသက်ခဲ့ပြီးနောက်ပိုင်း ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်သည် အချင်း ၂၅ မိုင်ရှိ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို စတင်ရှာဖွေခဲ့သည်။

အင်္ဂါဂြိုဟ် တစ်ရက်တာကာလသည် ကမ္ဘာမြေ တစ်ရက်တာကာလထက် အနည်းငယ်ပိုရှည်လျားပြီး တစ်ရက်လျှင် ၂၄ နာရီ ၃၂ မိနစ်ရှိကြောင်း သိရသည်။

နာဆာအဖွဲ့က ပါဆီးဗရင့်စ်နှင့်အတူ လွှတ်တင်ခဲ့သည့် အင်ဂျီနျူတီရဟတ်ယာဉ်အတွက်လည်း ဒီဇင်ဘာ ၁၃ ရက်သည် အင်္ဂါဂြိုဟ်ရက်ပေါင်း ၁၀၀၀ ပြည့်သည့်နေ့ဖြစ်ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်ရက်ပေါင်း ၁၀၀၀ ကာလအတွင်း ကင်းထောက်ပျံသန်းမှုပေါင်း ၆၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဂျပန်နိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရသည့် ကျောက်ဖြစ်ရုပ်ကြွင်းကို မိုဆာဆောရပ်စ်မျိုးစိတ်သစ်တစ်မျိုးအဖြစ် သိပ္ပံပညာရှင်များ အတည်ပြုနိုင်ခဲ့

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ အနောက်ပိုင်း ဝါကာယာမာစီရင်စု၌ တူးဖော်တွေ့ရှိခဲ့ရသည့် ကျောက်ဖြစ်ရုပ်ကြွင်းကို မိုဆာဆောရပ်စ်(Mosasaur) ခေါ် ရေနေသတ္တဝါအုပ်စုဝင် မျိုးစိတ်သစ်တစ်မျိုးအဖြစ် သိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အလျား ခြောက်မီတာ ရှည်လျားသော အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းကို သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၂ သန်းခန့်ရှိပြီဖြစ်သော ကျောက်လွှာနယ်မြေအတွင်း တူးဖော်တွေ့ရှိ ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမိုဆာဆောရပ်စ် မျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို Wakayama Soryu ဟူ၍အမည်ပေးထားသည်။



အမေရိကန်သိပ္ပံပညာရှင်များဦးဆောင်သည့် သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က Wakayama Soryu ရုပ်ကြွင်းကို အသေးစိတ်လေ့လာခဲ့ပြီးနောက် မိုဆာဆောရပ်စ်မျိုးစိတ်သစ်အဖြစ် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Wakayama Soryu များသည် လွန်ခဲ့သောနှစ်ပေါင်း ၇၂ သန်းခန့်ကာလ ခရီတေးရှီးယပ်စ် ဘူမိခေတ်အတွင်း ယနေ့ခေတ် ပစိဖိတ်သမုဒ္ဒရာရေပြင်နေရာ၌ ကျက်စားခဲ့ကြသော ကမ္ဘာဦးရေနေသတ္တဝါများ ဖြစ်ကြကြောင်း သိရသည်။

Wakayama Soryu များသည် လိပ်များကဲ့သို့ပင် ရှေ့ရေယက်ကြားနှစ်ခုကို အသုံးချ၍ ရေကူးသွားလာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ဂျိုင်ရိုစကုပ်ပြဿနာကြောင့် ရပ်တန့်ထားသည့် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဂျိုင်ရိုစကုပ်ပြဿနာကြောင့် ရပ်တန့်ထားသည့် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် လုပ်ငန်းလည်ပတ်နိုင်ဆဲ ဂျိုင်ရိုစကုပ်သုံးခုအနက် တစ်ခုတွင် ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ကြောင့် နိုဝင်ဘာ ၁၉ ရက်မှစ၍ စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်တန့်နေခဲ့ရသည်။

လက်ရှိအချိန်တွင် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်မှာ ဂျိုင်ရိုစကုပ် သုံးခုစလုံး ပုံမှန်ပြန်ဖြစ်လာပြီး စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂျိုင်ရိုစကုပ်များသည် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ မျက်နှာမူရာကို ထိန်းပေးထားသည့် ကိရိယာများဖြစ်ကြကြောင်း သိရသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်တွင် မူလက ဂျိုင်ရိုစကုပ်ခြောက်လုံး တပ်ဆင်ထားသော်လည်း လက်ရှိအချိန်တွင် သုံးလုံးသာ ပုံမှန်လည်ပတ်နိုင်ကြောင်း သိရသည်။

၁၉၉၀ ပြည့်နှစ်အတွင်း လွှတ်တင်ခဲ့သည့် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏သက်တမ်းမှာ ယနေ့အချိန်တွင် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဆေးလိပ်သောက်သုံးမှုက ဦးနှောက်အရွယ်အစားကို ကျုံ့ဝင်စေနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၄**

ဆေးလိပ်သောက်သုံးမှုသည် နှလုံးနှင့်အဆုတ်ကိုဖျက်ဆီးနိုင်ရုံမျှသာမက ဦးနှောက်အရွယ်အစားကိုလည်း ကျုံ့ဝင်စေနိုင်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆေးလိပ်သောက်သုံးမှုနှင့် ဦးနှောက်အရွယ်အစားကျုံ့ဝင်မှုတို့ကြား ဆက်စပ်မှုရှိမရှိကို ဖော်ထုတ်နိုင်ရေးအတွက် လူပေါင်း ၃၂၀၉၄ ဦးတို့၏ ကျန်းမာရေးသတင်း အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ် ဆေးလိပ်သောက်သုံးမှုပမာဏ ပိုများလာသူများတွင် ဦးနှောက်အရွယ်အစားလည်း ပို၍ကျုံ့ဝင်လာတတ်သည်ဟု သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်ရာ အသက်အရွယ်ကြီးရင့်မှုနှင့် ဆေးလိပ်သောက်သုံးမှုနှစ်မျိုးစလုံးသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ၏ အဓိကနောက်ခံအကြောင်းတရားများ ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဆေးလိပ်သောက်သူများအနေဖြင့် ဆေးလိပ်ဖြတ်လိုက်ချိန်တွင် ဦးနှောက်အရွယ်အစား ကျုံ့ဝင်မှုရပ်တန့်သွားသော်လည်း ဦးနှောက်အရွယ်အစား နဂိုမူလသို့ ပြန်မရောက်တော့ကြောင်း သိရသည်။

သို့ရာတွင် ဆေးလိပ်သောက်သုံးမှုကို ရပ်ထားခြင်းဖြင့် ဦးနှောက်ထိခိုက်ပျက်စီးမှုများ ထပ်မံဖြစ်ပွားမည့်အရေးကို ရှောင်ရှားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## Zepbound ဆေးသုံးစွဲသူများ သုံးစွဲမှုရပ်ပါက ကိုယ်အလေးချိန်ပြန်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၄**

နာမည်ကျော်ကိုယ်အလေးချိန် လျှော့ချရေးဆေးတစ်မျိုးဖြစ်သည့် Tirzepatide (Zepbound) ဆေးကို သုံးစွဲနေသူများအနေဖြင့် ဆေးသုံးစွဲမှုရပ်ပါက ကိုယ်အလေးချိန် ပြန်တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Eli Lilly ကုမ္ပဏီဦးဆောင်သော လက်တွေ့စမ်းသပ်မှုများအရ Zepbound ဆေးသုံးစွဲနေသူများသည် အဝလွန်နေသူပင်ဖြစ်စေ၊ ပုံမှန်ထက် ကိုယ်အလေးချိန်လွန်ကဲနေသူပင်ဖြစ်စေ ဆေးသုံးစွဲမှုရပ်တန့်ခဲ့ပါက ကိုယ်အလေးချိန်ပြန်တက်လာသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အခြားတစ်ဖက်တွင်မူ Zepbound ဆေးသုံးစွဲသူများအနေဖြင့် ဆေးကိုဆက်လက်သုံးစွဲပါက စမ်းသပ်မှုကာလ နှစ်နှစ်အတွင်း ကိုယ်အလေးချိန်တက်လာမှုကို တားဆီးထားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် Zepbound ဆေးကို ဆက်လက်သုံးစွဲရမည်ဆိုပါက တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ထိ ကုန်ကျမည်ဖြစ်ရာ သုံးစွဲသူများအတွက် စရိတ်စကကြီးမားမည်ဖြစ်သည်။

Zepbound ဆေးကို ကိုယ်အလေးချိန် လျှော့ချရေးဆေးအဖြစ် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေး အေဂျင်စီ(FDA)က ယခုနှစ် နိုဝင်ဘာ ၈ ရက်က အတည်ပြုချက် ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်များ

ML

**နယူးကာဆယ် Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယူးကာဆယ် ၁ - ၀ ဖူလ်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| ဖူလ်ဟမ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

နယူးကာဆယ်အသင်းဟာ ကစားသမားအများစု ဒဏ်ရာရနေတာကြောင့် နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲမရခဲ့လို့ အခုအမှတ်ပေးပွဲစဉ်မှာနိုင်ပွဲရှာပြီး ဖိအားအောက်က ရုန်းထွက်မှာသေချာပါတယ်။ ဖူလ်ဟမ်ကတော့ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်ကြောင့် နိုင်ပွဲရဖို့ကြိုးစားလာမဲ့ နယူးကာဆယ်တိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်လို့ အိမ်ရှင်ကိုပဲ ရွေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နယူးကာဆယ် ၂ - ၁ ဖူလ်ဟမ်**

**မန်စီးတီး Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၀ - ၁ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(နိုင်) |
| ပဲလေ့စ် | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(ရှုံး) |

မန်စီးတီးအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းကျဆင်းနေပေမဲ့ ကစားသမားစုဖွဲ့မှုကောင်းတာကြောင့် အခုပွဲစဉ်မှာ ပဲလေ့စ်အသင်းကို ထိန်းချုပ်ကစားနိုင်မှာပါ။ ပဲလေ့စ်ကလဲ နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသလို ခံစစ်ပိုင်းကပွဲတိုင်းပေးဂိုးရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ မန်စီးတီးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ သေချာမှာမဟုတ်ပါဘူး။ ဒါကြောင့် မန်စီးတီးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၃ - ၁ ပဲလေ့စ်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်

ML

**နာပိုလီ Vs ကက်ဂလီယာရီ**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကက်ဂလီယာရီ ၁ - ၁ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ကက်ဂလီယာရီ | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

နာပိုလီဟာအမှတ်ပေးပွဲမှာ ရမှတ်ဆုံးရှုံးနေပေမဲ့ အခုပွဲစဉ်မှာတော့ ကစားသမားအစုံအလင်နဲ့ပွဲထွက်လာပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက် နိုင်ပွဲရှာမှာသေချာပါတယ်။ ကက်ဂလီယာရီကတော့ အဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေတဲ့အပြင် တိုက်စစ်ကောင်းတဲ့အသင်းတွေဆီ ပေးဂိုးများနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ ကစားသမားသာလွန်မှုရှိတဲ့ နာပိုလီပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၂ - ၀ ကက်ဂလီယာရီ**

### အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူးအိုစီမန်က နာပိုလီအသင်းနှင့် တစ်နှစ်သက်တမ်းတိုးရန် သဘောတူညီခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက စာချုပ်ဖျက်သိမ်းကြေးကို ယူရိုသန်း ၁၂၀ ထိ တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်း လက်ထောက်နည်းပြ အန်တိုနီဘာရီသည် အိုင်ယာလန်လက်ရွေးစင်အသင်း နည်းပြဖြစ်လာရန် သေချာနေသောကြောင့် အသင်းအနေဖြင့် လက်ထောက်နည်းပြ အန်တိုနီဘာရီကို လက်လွှတ်ရဖွယ်ရှိသည်။ ML

## ယူအီးအက်ဖ်အေက လီဂီယာဝါဆောပရိသတ်များကို အဝေးကွင်းပွဲစဉ် ငါးပွဲ ပွဲကြည့်ခွင့်ပိတ်ပင်




**လန်ဒန် ဒီဇင်ဘာ ၁၄**

ယူရိုပါကွန်ဖရင့်လိဂ်အုပ်စုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁ ရက်က ကစားခဲ့သည့် အေဗီလာအသင်းနှင့်လီဂီယာဝါဆောအသင်းတို့ပွဲစဉ်တွင် ရဲတပ်ဖွဲ့နှင့်လီဂီယာဝါဆောပရိသတ်များကြားဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် လီဂီယာဝါဆောအသင်းကို ဒဏ်ငွေ စတာလင်ပေါင် ၈၆၁၀၀ ချမှတ်ခဲ့ပြီး ပရိသတ်များကို ဥရောပပြိုင်ပွဲ အဝေးကွင်းငါးပွဲ ပွဲကြည့်ခွင့်ပိတ်ပင်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လီဂီယာဝါဆောပရိသတ်များသည် ကွင်းအတွင်း ဝင်ရောက်ခွင့်မရသဖြင့် ကွင်းပြင်ပတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို မီးရှူးမီးပန်းများ၊ မီးကျည်များဖြင့်ပစ်ပေါက်ခဲ့ရာ ရဲအရာရှိလေးဦးထိခိုက်ဒဏ်ရာရခဲ့ပြီး ကွင်းအတွင်းသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ကွင်းပျက်စီးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့နောက် ရဲတပ်ဖွဲ့က အကြမ်းဖက်မှုပြုလုပ်ခဲ့သည့် အမျိုးသား ၄၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး လီဂီယာဝါဆောပရိသတ်များ၏လုပ်ရပ်ကို ယူအီးအက်ဖ်အေအားတိုင်ကြားခဲ့ရာ ယူအီးအက်ဖ်အေက အေဗီလာကစားကွင်းအား ပျက်စီးစေခဲ့မှုကြောင့် လီဂီယာဝါဆောအသင်းကို ဒဏ်ငွေ စတာလင်ပေါင် ၈၆၁၀၀ လျော်ကြေးပေးရန်ချမှတ်ခဲ့ပြီး အသင်းပရိသတ်များကိုလည်း ဥရောပပြိုင်ပွဲ အဝေးကွင်း ငါးပွဲထိ ပွဲကြည့်ခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## FIFA-MFF U17 League 2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့၌ စတင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

လူငယ်မျိုးဆက်သစ်ကစားသမားများထွက်ပေါ်လာရေးနှင့် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများကိုထောက်ပံ့မှုဖြစ်စေရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် FIFA-MFF U17 League 2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

FIFA-MFF U17 League 2023 လိဂ်ပြိုင်ပွဲကို အသင်း ၁၁ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းအရေအတွက် ၁၅ သင်းထိရှိသောကြောင့် U-15 ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြစ်သည့် Rakhine United FC၊ Shwepyithar FC၊ Royal Yangon FC၊ Pharsimyay FC၊ Artharwady FC အသင်းများကို တိုက်ရိုက်ဝင်ခွင့်ပေးခဲ့ပြီး ကျန်အသင်းများကို ခြေစစ်ပွဲမှတစ်ဆင့် ဝင်ရောက် ယှဉ်ပြိုင်စေမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ခြေစစ်ပွဲဝင်အသင်းပေါင်း ၁၀ သင်းကို ငါးသင်းပါနှစ်အုပ်စုခွဲပြီး အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ရာ အုပ်စုတစ်ခုစီမှ အဆင့်(၁)၊ အဆင့်(၂)၊ အဆင့်(၃)အသင်း သုံးသင်းသည် FIFA - MFF U17 League 2023 ပြိုင်ပွဲကို ဝင်ရောက်ခွင့်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲခြေစစ်ပွဲစဉ်များ အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် Sporting Hantha FC အသင်း၊ Burmese Youth FC အသင်း၊ Dagon Generation FC အသင်း၊ Shwe Pyi Thar City FC အသင်း၊ Maubin FCအသင်း၊ အုပ်စု(ခ)တွင် Insein City FC အသင်း၊ Naypyitaw United အသင်း၊ Mingalardon FC အသင်း၊ Su Latt Myat Mon FC အသင်း၊ 22 Star FC အသင်းတို့ ပါဝင်ကြသည်။

အဆိုပါခြေစစ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ရန်ကုန် အမျိုးသား ဘောလုံးအကယ်ဒမီ မြက်ခင်းတုကွင်း- ၁ နှင့် ကွင်း -၂ တို့တွင် နံနက် နှစ်ပွဲ၊ ညနေ နှစ်ပွဲ ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး အသင်းတစ်သင်းတွင် အုပ်ချုပ်မှုအဖွဲ့ဝင် အနည်းဆုံး ခြောက်ဦးမှ အများဆုံး ၁၅ ဦး၊ ကစားသမား အနည်းဆုံး ၂၃ ဦးမှ အများဆုံး ဦးရေ ၃၀ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ပထမအကျော့၊ ဒုတိယအကျော့ပွဲစဉ်များကို ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းစည်းကမ်းများအတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**STA**

## ချန်ပီယံလိဂ်ပြိုင်ပွဲ၌ မတူညီသည့်ကလပ်အသင်းသုံးသင်းဖြင့် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအမေရိကန်ကစားသမားအဖြစ် ပူလီဆစ် မှတ်တမ်းဝင်

**မီလန် ဒီဇင်ဘာ ၁၄**

အေစီမီလန်အသင်း တောင်ပံကစားသမား ပူလီဆစ်သည် နယူးကာဆယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် မတူညီသည့်ကလပ်အသင်း သုံးသင်းဖြင့် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး အမေရိကန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တောင်ပံကစားသမားပူလီဆစ်သည် ၂၀၁၇ ခုနှစ်က ဒေါ့မွန်အသင်းတွင် ကစားခဲ့စဉ်က ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် ဘင်ဖီကာအသင်းကို သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ချဲလ်ဆီးအသင်း၌ကစားခဲ့စဉ်က သွင်းဂိုး တစ်ဂိုးနှင့်ယခုနယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် အေစီမီလန်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့် ကလပ်အသင်းသုံးသင်းဖြင့် ဂိုးသွင်းယူနိုင်ခဲ့သည့်ပထမဆုံး အမေရိကန် ကစားသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် အေစီမီလန်အသင်းသည် အဝေးကွင်းသွားရောက်ယှဉ်ပြိုင်ခဲ့ရသဖြင့် နယူးကာဆယ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုကိုခံခဲ့ရကာ ပွဲကစားချိန် ၃၃ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး တန်ပြန်တိုက်စစ်ဖြင့် သာတူပြန်နေရသော်လည်း ဒုတိယပိုင်း ပွဲကစားချိန် ၅၉ မိနစ်အရောက်တွင် တောင်ပံကစားသမား ပူလီဆစ်က ဂီရော့ဒ်၏ ဖန်တီးပေးမှုမှ ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ကာ နယူးကာဆယ်အသင်းက တိုက်စစ်မြှင့်ဖိအားပေးခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်တွင် အေစီမီလန်အသင်းက တန်ပြန်တိုက်စစ်မှ ချူကွယ်ဇီ၏ ဦးဆောင်ဂိုးဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။



**Ref : RT**

**Trs : ML**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် မဟာယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက် အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မဟာယူနိုက်တက်အသင်းက GFA အသင်းကို ထိရောက်သည့် ဂိုးပေါက် ခြိမ်းခြောက်မှုများဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် သက်နိုင်ကလည်းကောင်း၊ ပွဲချိန် ၃၃ မိနစ်တွင် အာကာကျော် ကလည်းကောင်း မဟာယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပထမ ပိုင်းအပြီးတွင် မဟာယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် GFA အသင်း၏ ချေပဂိုးများအတွက် ပြန်လည်ဖိအား ပေးမှုများကြောင့် ပိုမိုအကြိတ် အနယ်ရှိလာခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် သက်နိုင်က ပင်နယ်တီမှ တစ်ဆင့် မဟာယူနိုက်တက်အသင်း အတွက် တတိယဦးဆောင်ဂိုးသွင်း ယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် Thawng Tha Thang က GFA အသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့ သည့်အတွက် ပွဲပြီးဆုံးချိန်၌ မဟာယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဝါရင့် တိုက်စစ်မှူးသက်နိုင်ကရရှိခဲ့ကြောင်း သိရသည်။

STA

# ATP Tour ကချီးမြှင့်သည့် Comeback Player Of The Year ဆုကို ဂျာမနီတင်းနစ်ကစားသမား ဂျန်လန်နက်စထရက်ဖ် ဆွတ်ခူး




**လန်ဒန် ဒီဇင်ဘာ ၁၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ATP Tour အဖွဲ့ ချုပ်က ယခုနှစ်အတွက် အကောင်း ဆုံးတစ်ကျော့ပြန် ကစားသမား Comeback Player Of The Year ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ရာ အသက် ၃၃ နှစ်အရွယ် ဂျာမနီ တင်းနစ်ကစားသမား ဂျန်လန်နက် စထရက်ဖ်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာ ခဲ့သည်။

ဂျန်လန်နက်စထရက်ဖ်သည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီတွင် ဒဏ်ရာပြဿနာဖြင့် လုံးပန်းနေ ရပြီး ပြိုင်ပွဲတော်တော်များများကို လွဲချော်ခဲ့ရပြီးနောက် ကမ္ဘာ့အဆင့် (၁၆၇)နေရာထိ ကျဆင်းခဲ့သည်။

ဂျန်လန်နက်စထရက်ဖ်သည် ယခုနှစ်တွင် ပုံစံကောင်းများပြသ ကာ လက်ရှိကမ္ဘာ့အဆင့်(၂၅)နေရာ ထိ တက်ရောက်နိုင်ခဲ့သည့်အတွက် Comeback Player Of The Year ဆုကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

Comeback Player Of The Year ဆုအတွက် ဆန်ခါတင်သုံးဦး စာရင်းတွင် ဂျန်လန်နက်စထရက်ဖ် သည် ဂျာမနီတင်းနစ်ကစားသမား များဖြစ်ကြသည့် ဒိုမီနစ်ခ်၊ အလက် ဇန်းဒါးဗီရက်ဖ်၊ ပြင်သစ်တင်းနစ် ကစားသမား မွန်ဖီးလ်တို့နှင့်အတူ ပါဝင်လာခဲ့ပြီးနောက် မဲပေးရွေး ချယ်မှုအရ ဂျန်လန်နက်စထရက်ဖ် က အဆိုပါဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျန်လန်နက်စထရက်ဖ်က "ဒီနှစ်အတွက် Comeback Player Of The Year ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့် အနေနဲ့ ဆန်ခါတင်စာရင်းမှာ ဒိုမီ နစ်ခ်၊ ဇီရက်ဖ်၊ မွန်ဖီးလ်တို့နဲ့အတူ ပါဝင်လာခဲ့တယ်။ ဆန်ခါတင် စာရင်းမှာပါဝင်လာတဲ့ တခြား ကစားသမားတွေလဲ ဒီဆုနဲ့ထိုက် တန်တဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော် အခုလိုဒီဆုကိုဆွတ်ခူး နိုင်ခဲ့တာဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပြီး စိတ်ဓာတ်ကျနေတဲ့ အချိန်မှာ မိသားစုတွေကကျွန်တော့် ကို ဖေးမကူညီပြီး အားပေးခဲ့ကြ တယ်။ ကျွန်တော့်ရဲ့နည်းပြအဖွဲ့ ကလဲ ပုံစံကောင်းတွေပြန်လည် ပြသနိုင်အောင် ကြိုးစားလေ့ကျင့် ပေးခဲ့ကြတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : RT
Trs : AZL

# မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် AFC Futsal Asian Cup 2024 အုပ်စု မဲခွဲမှုပြုလုပ်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၄**

မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် AFC Futsal Asian Cup 2024 အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အာရှဘောလုံး အဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် မဲခွဲမှု အပြီးတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စု(က) တွင် အိမ်ရှင်ထိုင်းအသင်း၊ ဗီယက် နမ်အသင်း၊ တရုတ်အသင်းများနှင့် အတူ တစ်အုပ်စုတည်းကျရောက် လျက်ရှိနေသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ပြီး အုပ်စုပွဲစဉ်များကိုလာမည့် ၂၀၂၄ ခုနှစ် ဧပြီ ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် အဆင့်ရောက်ရှိသော အသင်းလေး သင်းသည် ဥဇဘက်ကစ္စတန်နိုင်ငံ တွင်ကျင်းပမည့် ဖူဆယ်ကမ္ဘာ့ဖလား ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ် ပြီး ဥဇဘက်ကစ္စတန်အသင်းအနေ ဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက် နိုင်ခဲ့ပါက ကွာတားဖိုင်နယ်တွင် ရှုံးနိမ့်သော အသင်းများအနေဖြင့် Play-Off ပွဲများ ပြန်လည်ယှဉ်ပြိုင် ရမည်ဖြစ်ကာ အဆင့်(၅)နေရာ ရရှိသောအသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းသည် AFC Futsal Asian Cup တွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် က ခြေစစ်ပွဲအောင်မြင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

STA

## စပိန်လာလီဂါ ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်

STA

**ဘီလ်ဘာအို Vs အေတီကို**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၀၉း၅၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေတီကို ၁ - ၀ ဘီလ်ဘာအို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |
| အေတီကို | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ထားတဲ့ အေတီကိုအသင်းရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှု ရှိနေလို့ ဘီလ်ဘာအိုအသင်းကိုဖိအားပေးကစားနိုင်မှာပါ။ဘီလ်ဘာအို အသင်းကလဲ အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိပေမဲ့ အေတီကိုအသင်းနဲ့ တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိပါတယ်။ ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီး မှာရှိနေတဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၁ - ၂ အေတီကို**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်

STA

**လီဟာဗေး Vs နိုက်**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နိုက် ၀ - ၀ လီဟာဗေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လီဟာဗေး | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| နိုက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ လီဟာဗေးအသင်းရဲ့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေပါတယ်။ နိုက်အသင်းကတော့ ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းပြသနေလို့ အဝေးကွင်း ဆိုပေမဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ နိုက်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လီဟာဗေး ၀ - ၂ နိုက်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ

STA

**အော့ဂ်ဘတ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အော့ဂ်ဘတ် ၀ - ၃ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အော့ဂ်ဘတ် | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဒေါ့မွန် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(သရေ) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒေါ့မွန်အသင်းဟာ အခုပွဲစဉ်မှာ တော့ မဖြစ်မနေနိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ လက်ရှိ အော့ဂ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲရှုံးကန် နေရလို့ ဒေါ့မွန်အသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါ့ကြောင့် ခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ နိုင်ပွဲပြန်လည်ရယူသွားပါ လိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အော့ဂ်ဘတ် ၁ - ၃ ဒေါ့မွန်**

**လိုက်ပ်ဇစ် Vs ဟော့ဖန်ဟိမ်း**

**ကစားမည့်ရက်/အချိန် ၁၆-၁၂-၂၀၂၃ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၁ - ၀ ဟော့ဖန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဟော့ဖန်ဟိမ်း | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတဲ့ လိုက်ပ်ဇစ်အသင်း ဟာ အိမ်ကွင်းမှာ ဟော့ဖန်ဟိမ်းအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေး ကစားနိုင်မှာပါ။ ဟော့ဖန်ဟိမ်းအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားနေလို့ လိုက်ပ်ဇစ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် လိုက်ပ်ဇစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၂ - ၀ ဟော့ဖန်ဟိမ်း**

# မင်းသားကြီး ဦးချစ်ဖွယ်နဲ့ ဝိုင်အမ်ဘီသခင်တင် မြင်လှည့်စေချင်စမ်းပါဘိ

"သူငယ်ချင်းရေ. . . အခုတစ်လောမှာ လူပြောများလာတဲ့စကားက ညစ်ညမ်းစာပေနဲ့ညစ်ညမ်းဇာတ်လမ်းအကြောင်းပဲကွ။ ဖေ့စ်ဘွတ်တို့၊ အင်တာနက်တို့က ကောင်းကျိုးပြုသလို ဆိုးကျိုးတွေကလဲ ပြောမဆုံးပေါင် တောသုံးထောင်ပဲကွ။ ခေတ်မိန်းကလေးတချို့ရဲ့ မလုံမလဲဝတ်စားဆင်ယင်မှု၊ ပေါင်ရင်းရောက်နေတဲ့ ဘောင်းဘီတို့၊ စကတ်တိုတွေလဲ တွေ့နေရတယ်ကွာ"

"အေး. . . မင်းက အစဖော်လို့ ဟိုးလွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က နိုင်ငံခြားသတင်းနှစ်ပုဒ်ကို သတိရသွားတယ်ကွာ"

"ဘယ် နိုင်ငံခြားသတင်းကို ပြောတာလဲကွ"

"**သြစတြေးလျ၌ တက္ကသိုလ်ကျောင်းသူ ခြောက်ဦးလျှင် တစ်ဦးနှုန်း အဓမ္မကျင့်ခံရ** ဆိုတဲ့ ခေါင်းစီးနဲ့ (အေအက်ဖ်ပီ)သတင်းကို **မြသီတာလွင်** က ဘာသာပြန်ထားတာကွ"

"လိုရင်းကိုပဲ ပြောပြစမ်းပါကွာ"

"သြစတြေးလျနိုင်ငံရဲ့ အမျိုးသားကျောင်းသားသမဂ္ဂအဖွဲ့ရဲ့ စစ်တမ်းကောက်ယူမှုအရ သြစတြေးလျအမျိုးသမီး တက္ကသိုလ်ကျောင်းသူ ခြောက်ယောက်မှာတစ်ယောက်က အဓမ္မကျင့်ခံရတယ်တဲ့။ (ဒါမှမဟုတ်) လိင်ဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုခံရ၊ စော်ကားခံရတယ်တဲ့။ ၆၇ ရာခိုင်နှုန်းဟာ အလိုမတူဘဲ လိင်ဆက်ဆံမှုခံရပြီး ၃၁ ရာခိုင်နှုန်းကတော့ ကာယကံရှင်ရဲ့ ဆန္ဒအရ လိင်ဆက်ဆံမှုခံနေကြရတယ်တဲ့။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလကနေ ၂၀၁၁ ခုနှစ် မတ်လအတွင်းမှာ တက္ကသိုလ်ကျောင်းသူ ၁၅၀၀ ကျော်ကိုစစ်တမ်းကောက်ယူ တွေ့ရှိရတာတဲ့။ ၁၇ ရာခိုင်နှုန်းဟာ စော်ကားဖို့ အချောင်းခံနေကြရတာတဲ့။ ပြစ်မှုကျူးလွန်သူ ၅၆ ရာခိုင်နှုန်းဟာ သူငယ်ချင်း၊ မိတ်ဆွေ၊ အပေါင်းအသင်းတွေ ဖြစ်နေကြပြီး ၂၂ ရာခိုင်နှုန်းကတော့ အဓမ္မပြုကျင့်ခံခဲ့ကြရတဲ့ အမျိုးသမီးတွေရဲ့ အတွင်းသိ၊ အစဉ်းသိ ရင်းနှီးတဲ့သူတွေတဲ့ကွာ။ ငါ အဲဒီသတင်းကိုဖတ်ပြီး တုန်လှုပ်ချောက်ချားသွားတယ်ကွ။ တို့နိုင်ငံမှာ အဲဒီလို မဖြစ်ပွားတာကိုတော့ ဂုဏ်ယူစရာပဲကွ. . . နော်"

"နောက် နိုင်ငံခြားသတင်းတစ်ပုဒ်ကို ပြောပြစမ်းပါအုံး"

"အဲဒီသတင်းကတော့ အခြားတစ်ယောက် ဘာသာပြန်ထားတာပါ။ တို့အာရှတိုက်ထဲက နိုင်ငံကြီးတစ်နိုင်ငံမှာ အမျိုးသမီးတွေ အပြင်မထွက်ရဲအောင် အမျိုးသားတချို့က ကြောက်စရာကောင်းလွန်းလှတဲ့ ကာမရယူလိုတဲ့အကြည့်တွေကြောင့် သောကဗျာပါရများနေရတဲ့အကြောင်း၊ မိန်းကလေးတစ်ယောက်တည်း ဘတ်စကားတောင် မစီးရဲတဲ့အကြောင်း ဘာသာပြန်ထားတဲ့ သတင်းပဲကွ"

"မင်းက သူများမျက်ချေးကိုတော့ မြင်ပြီး ကိုယ့်မျက်ချေးကို မမြင်သလိုဖြစ်နေပြီ"

"အမယ် မင်းက ငါ့ကို ဒီလိုပြောရအောင် ငါက ဘာမျက်ချေးထွက်နေလို့လဲကွ။ ရှင်းစမ်းပါအုံး"

"ငါ့စကားဆုံးရင် ရှင်းသွားမှာပါ။ ယိုသူမရှက် မြင်သူရှက်စရာကောင်းလှတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ သွားလာနေထိုင်မှုတွေ၊ ပြောသူမရှက် ကြားသူရှက်စရာကောင်းလှတဲ့ ပြောဆိုမှုတွေအကြောင်းကို ငါလဲ ဟောရ၊ ပြောရ၊ ရေးရတာ ပါးစပ်ညောင်း၊ လက်ညောင်းလှပါပြီကွာ။ ဒါပေမဲ့ ကျွဲပါးစောင်းတီး အချည်းနှီးပါပဲကွာ"

"သာဓကလေးတစ်ခုကို ငါပြောပြမယ် ဟိုးတစ်ချိန်က ပေါ့ကွာ။ ငါ အိမ်ပြန်နောက်ကျတယ်ကွ။ မိုးကလဲ တဖွဲဖွဲရွာနေတယ်။ မြောက်ဥက္ကလာပအဝိုင်းကြီး ကားမှတ်တိုင်ကနေ တို့နေတဲ့ ဒဂုံ(မြောက်)ကို ပြေးဆွဲနေတဲ့ လိုင်းကားပေါ်မှာ လူပြည့်နေတဲ့ အထူးကားက ငါ့ရှေ့တည့်တည့်မှာ မမျှော်လင့်မထင်မှတ်ဘဲ ထိုးဆိုက်လာတော့ ငါလဲကံကောင်းတာပဲဆိုပြီး တိုးဝှေ့တက်လိုက်တာ အပေါက်ဝရှေ့တည့်တည့်မှာ ခြေချစရာ တစ်နေရာ ရသွားခဲ့တယ်ကွ။ ငါ့လိုပဲ တိုးဝှေ့တက်လာသူတွေလဲ အပေါက်ဝမှာ စုပြုံပိတ်ဆို့ကုန်ကြတာပေါ့ကွာ။ လူနည်းနည်းပဲတင်နိုင်လို့ ကားတံခါးပိတ်မရအောင် ကျပ်ညပ်နေမှ ကားကထွက်လာခဲ့ရတယ်။ ဒါတောင် ကားမှတ်တိုင်မှာ လူ ၁၅၀ ကျော် ကျန်ခဲ့သေးတယ်"

"ထိုင်ဖို့နေရာရဖို့ကတော့ မစဉ်းစားနဲ့။ မတ်တတ်ရပ်လိုက်ဖို့ကို မနည်းကြိုးစားကြရတာ။ ကားလဲထွက်လာရော မတ်တတ်ရပ်လိုက်ပါသူတွေဟာ ထိုင်နေသူတွေကို ကိုယ့်မှာပါလာတဲ့ ပစ္စည်းလေးတွေ ခေတ္တကိုင်ပေးဖို့ အောက်ကျို့တဲ့ မျက်နှာငယ်လေးတွေနဲ့ ငုံ့ကြည့်ကြရတယ်။ ငါလဲ ငါ့အောက်ဘက်ကို ငုံ့ကြည့်လိုက်မိတယ်။ ငါ့မျက်စိကို လျှပ်ပြက်လိုက်သလို၊ ကျဉ်စက်အတို့ခံလိုက်ရသလို ခံစားလိုက်ရလို့ ငါ့ခေါင်းကို အပေါ်ဘက် အမြန်မော့လိုက်ရတယ်ကွာ"

"ဘာဖြစ်လို့လဲ ခေါင်းထဲက ချေးတွေ မျက်လုံးထဲဝင်ကုန်လို့လား"

"ဟေ့ကောင်. . . ငါက အကောင်းပြောနေတာ မဖောက်နဲ့ နားထောင်။ နားထောင်ရုံပဲထောင်နော်။ ဒီလိုကွ. . . မိန်းမပျိုလေးဟာ လည်ဟိုက်အင်္ကျီခပ်ကျပ်ကျပ်ကို ဝတ်ထားတာ မမြင်ချင်အဆုံးပါပဲကွာ။ မတ်တတ်ရပ်နေသူအားလုံးက သူ့ကို ဝိုင်းကြည့်နေမှန်း သိတော့ရှက်တာလား၊ ဟန်မူရာပိုတာလားတော့ မသိဘူး။ သူ့အင်္ကျီကို ဆွဲစိတယ်။ ဆွဲစိတော့မှ ပိုဆိုးသွားတာကွ။ ငါကတော့ ငါ့အသက်အရွယ်အရ ရှက်လွန်းလို့ ခေါင်းကိုမော့ထားပေမဲ့ လူငယ်လူရွယ်တွေကတော့ အဲဒီမြင်ကွင်းမှာ သံလိုက်စက်ကွင်းမိနေကြသလို စုရပ်ဆုံရပ်ဖြစ်နေကြတယ်။ ဒါက အပေါ်ပိုင်းပဲ ရှိသေးတယ်။ အောက်ပိုင်းကို ကြည့်လိုက်တော့လဲ စကတ်က ပေါင်လယ်လောက်ထိရှိနေတော့ တော်သေးတယ်လို့လျှော့ပေါ့မြင်ပေးလို့ရသေးတယ်။ မိန်းကလေးက ချောချောလှလှ ဖြူဖြူဖွေးဖွေးလေးကွ။ ငါ့သမီးသာဆိုရင်တော့ ကိုယ်ပိုင်ကားမစီးနိုင်ဘဲနဲ့ အဲဒီလို ဝတ်စားဆင်ယင်မှုကို ခွင့်ပြုမှာမဟုတ်ဘူးကွ"

"ဒီလိုဆိုရင် မင်းက ကိုယ်ပိုင်ကားစီးနိုင်ရင် အဲဒီလို ဝတ်စားဆင်ယင်မှုကို ခွင့်ပြုမယ်ပေါ့။ ဟုတ်လား"

"ဟေ့ကောင် ဖောက်လာပြန်ပြီ။ သဘောကို ပြောတာကွ။ ကိုယ်ပိုင်ကားစီးနိုင်သူတွေက အဲဒီလိုဝတ်စားဆင်ယင်သွားလာလို့ လူအများမမြင်နိုင်သလို လူကြားထဲ တိုးဝှေ့မသွားမလာရတော့ ပြဿနာမရှိဘူး။ အရှက်မကွဲဘူး။ ကိုယ်ပိုင်ကားမစီးနိုင်ဘဲနဲ့ မလုံမခြုံဝတ်စားဆင်ယင်သွားလာနေရင် အခုလို အရှက်ကွဲရတာပဲကွ"

"စကားစပ်မိလို့ ပြောရအုံးမယ်။ ကိုယ်ပိုင်ကားစီးနိုင်လို့ စကတ်ပေါင်လယ်လောက် ဝတ်ထားတဲ့ မိန်းမပျိုလေးဟာ သူ့ကားထဲက တစ်ခုခုကို ကားတံခါးအပြင်ကနေကုန်းပြီးယူနေတုန်း တက္ကစီတစ်စီးဘေးနားက အရှိန်နဲ့ဖြတ်မောင်းလိုက်တာ အဲဒီမိန်းကလေးရဲ့ စကတ်က ကားအရှိန်ကြောင့် အပေါ်ဘက် လန်သွားပါလေရောကွာ။ အဲဒီမိန်းကလေး အရှက်ကွဲသွားတာပေါ့ကွာ။ ဖြတ်သွားတဲ့ကားတွေက ဟေး. . . ဝါးလို့ အော်ဟစ်နောက်ပြောင် သွားကြတယ်ကွ"

> ❖ "အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလိုပဲ လူနည်းစုရဲ့ ရိုင်းစိုင်းသရုပ်ပျက်မှုတွေ ကူးစက်ပြန့်ပွားလာရင် အရှင်းရခက်သွားနိုင်တယ်။ ဒါကြောင့် ၂၀၀၇ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှာ လက်ချင်းတွဲပြီး လမ်းလျှောက်နေကြတဲ့ လူငယ်အတွဲတွေကို ဖမ်းဆီးအရေးယူခဲ့သလို လူမြင်ကွင်းမှာ အမြင်မတော်လုပ်နေကြတဲ့ လူငယ်အတွဲတွေကိုလဲ ဖမ်းဆီးအရေးယူရင် ကောင်းမယ်လို့ ငါယူဆတယ်။ တောင်ကိုရီးယား ရုပ်ရှင်ဇာတ်ကားထဲမှာ စကတ်အတိုပေါင်လယ်လောက်ထိ ဝတ်ဆင်ကြတဲ့ မိန်းကလေးတွေကို ရဲကလိုက်ဖမ်းဆီးတာကို မြင်တွေ့လိုက်ရတော့ တို့နိုင်ငံမှာ အဲဒီလို အရေးယူရင် ကောင်းမယ်လို့တွေးတောမိတယ်" ❖

"ငါ့စကားမဆုံးသေးဘူး။ အခုလို အရှက်တကွဲ ကိုယ်ကျိုးနည်းရတဲ့ ဖြစ်ရပ်မျိုးကို ပြောပြရအုံးမယ်။ မင်း ငြိမ်ငြိမ်လေးနေ။ နားထောင်"

"ဘယ်လို အရှက်တကွဲ ကိုယ်ကျိုးနည်းရတာလဲ ဆိုတာကို ငါသိချင်လှပြီကွ"

"ဒီလိုကွ။ အထူးကားတွေရဲ့ ထုံးစံအတိုင်း တစ်ဖက်မှာ နှစ်ယောက်စာသာသာ ထိုင်ခုံတွေကို သုံးယောက်ထိုင်ကြရတယ်။ တစ်ဖက်မှာလဲ တစ်ယောက်စာသာသာ ထိုင်ခုံကို နှစ်ယောက်ထိုင်ကြရတယ်။ အဲဒီ မိန်းကလေးက သုံးယောက်ထိုင်ခုံရဲ့ လူသွားလမ်းအစွန်ဆုံးမှာ ထိုင်နေတာ။ ငါ မတ်တတ်ရပ်နေတဲ့ အောက်တည့်တည့်မှာကွ။ မှတ်တိုင်တစ်တိုင်လဲရောက်ရော သုံးယောက်အလယ်မှာ ထိုင်နေတဲ့ အမျိုးသမီးက ကားပေါ်ကဆင်းဖို့ နေရာကထပါရော။ အဲဒီမိန်းကလေးက လူသွားလမ်းဘက်သို့ လှည့်ပြီး ရှောင်ပေးလို့ကလဲမရတော့ ဆင်းမဲ့ အမျိုးသမီးက အတင်းတိုးထွက်လိုက်တဲ့အခါ မိန်းကလေးရဲ့ ပေါင်လယ်ရောက်စကတ်ကို တရွတ်ဆွဲလိုက်သလို ဖြစ်သွားလို့ အပေါ်လန်တက်သွားပါလေရောကွာ။ လူငယ်လူရွယ်တွေက ပြုံးဖြဲဖြဲလုပ်နေကြတော့ မိန်းကလေးဟာ အရှက်တကွဲကိုယ်ကျိုးနည်းဖြစ်သွားရတာပေါ့ကွာ။ အဲဒီမိန်းကလေးက သူ့စကတ်ကို အမြန်ဆွဲချပြီး ရှက်မျက်နှာရဲရဲနဲ့ပဲ လိုက်ပါလာခဲ့ရတော့တယ်"

"အဲဒီ မြင်ကွင်းကို မင်းက မြင်လိုက်လို့လား"

"မကြည့်ချင်ပေမဲ့ မြင်နေရတယ်ကွ။ ဘာကြောင့်လဲဆိုရင် ငါက ဆင်းမဲ့ အမျိုးသမီးကို တစ်ကိုယ်စာ တိမ်းရှောင်ပေးနေရတာကိုး။ ဇာတ်လမ်းက မပြီးသေးဘူး။ အဲဒီမိန်းကလေးက သူဆင်းမဲ့ မှတ်တိုင်ရောက်ခါနီးတော့ နေရာကထပြီး ဆင်းမဲ့ အပေါက်ဝမှာ သွားရပ်နေရတယ်။ ကားအောက်က စပယ်ယာက အပေါ်ကိုမော့ကြည့်ပြီး ပြုံးစိစိ လုပ်နေတယ်။ မှတ်တိုင်ရောက်လို့ မိန်းကလေးလဲ ဆင်းသွားရော စပယ်ယာက "မိုးတဖွဲဖွဲကြားမှာ လျှပ်စီးကလဲ တရဲရဲလက်လိုက်တာ မျက်စိကို ကျိန်းစပ်သွားတာပဲ"လို့ပြောပြီး ဟားတိုက်ရယ်မောလိုက်ကြတာများ အဲဒီမိန်းကလေးကြားလိုက်ရင် လဲသေသွားနိုင်တယ်ကွ"

"ယိုသူမရှက် မြင်သူရှက်စရာကောင်းလှတဲ့ ဝတ်စားဆင်ယင်မှုတွေကြောင့် လိုင်းကားစီးနေရတဲ့ ငါဟာ ကြာရင် အုံးလွဲရောဂါရမှာတောင် စိုးရိမ်နေရပြီကွ"

"အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလိုပဲ လူနည်းစုရဲ့ ရိုင်းစိုင်းသရုပ်ပျက်မှုတွေ ကူးစက်ပြန့်ပွားလာရင် အရှင်းရခက်သွားနိုင်တယ်။ ဒါကြောင့် ၂၀၀၇ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှာ လက်ချင်းတွဲပြီး လမ်းလျှောက်နေကြတဲ့ လူငယ်အတွဲတွေကို ဖမ်းဆီးအရေးယူခဲ့သလို လူမြင်ကွင်းမှာ အမြင်မတော်လုပ်နေကြတဲ့ လူငယ်အတွဲတွေကိုလဲ ဖမ်းဆီးအရေးယူရင် ကောင်းမယ်လို့ ငါယူဆတယ်။ တောင်ကိုရီးယားရုပ်ရှင်ဇာတ်ကားထဲမှာ စကတ်အတိုပေါင်လယ်လောက်ထိ ဝတ်ဆင်ကြတဲ့ မိန်းကလေးတွေကို ရဲကလိုက်ဖမ်းဆီးတာကို မြင်တွေ့လိုက်ရတော့ တို့နိုင်ငံမှာ အဲဒီလို အရေးယူရင် ကောင်းမယ်လို့ တွေးတောမိတယ်"

"အခါကြီး ရက်ကြီးနေ့မျိုးတွေမှာဆိုရင် အင်းလျားကန်ပေါင်ဘေးနဲ့ ကားလမ်းမကြီးဘေးတွေမှာ အတွဲတွေဟာ ရွံစရာ၊ အော့နှလုံးနာစရာ ကောင်းလောက်အောင် ဖြစ်ပျက်နေကြတာကွ။ ကြာရင် နိုင်ငံခြားထက် စံချိန်ချိုးသွားမှာကိုတောင် စိုးရိမ်နေရပြီကွ"

"အေး. . . ဒါပေမဲ့ တို့မြန်မာလူမျိုးတွေဟာ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ဟိရိဩတ္တပ္ပ အရှက်အကြောက်ရှိကြဖို့ လိုတယ်။ ခေတ်မီကြပါ။ ဒါပေမဲ့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် ပီသကြစေချင်တယ်။ အမျိုးကို အရှက်မဖုံးကြစေချင်ဘူး"

"တို့ငယ်ငယ်က ဓာတ်ပြားခေတ်မှာ ငါကြားဖူးခဲ့တဲ့ မင်းသားကြီး ဦးချစ်ဖွယ်ရဲ့ နှစ်ပါးသွားသီချင်းကို ငါ ပြန်ပြီး သတိရနေတယ်။ ဝိုင်အမ်ဘီသခင်တင် ရေးခဲ့တဲ့ သီချင်းကွ။ အဲဒီခေတ်က အခုလို ကာမရာဂ နှိုးဆွလှုံ့ဆော်ပေးနေကြတဲ့ ထဘီရင်ရှား ဝတ်စားဆင်ယင်မှုမျိုး၊ ဟိုဟာဖော်ပြ ဒီဟာဖော်ပြ အပြရဲတဲ့ ဝတ်စားဆင်ယင်မှုမျိုး မဟုတ်ဘူးကွ။ မှန်နိုင်လွန်လို ပါးပါးလှပ်လှပ်လေးတွေကို ဝတ်ဆင်နေကြလို့ သရော်ထားတဲ့ သီချင်းကွ"

**"မြို့မန္တလာ၊ ကိန်းစီတဲ့ကေသရယ်နဲ့ × × × တို့ဗမာတွေ၊ မိန်းမပလီများတာကတော့၊ အို... အင်္ကျီပါးရယ်နဲ့ မျက်နှာထားချို × × × ဗလာကျင်းတော့မလို × × × လာရင်းနော် × × × မူပိုပိုနဲ့! အထူဆို လူမျိုက မုန်းပြန်ပါသတဲ့ × × × မင်းစရာရင်မှာ ဖုံးတယ်ကွယ်၊ ပြုံးတော့ မလိုလို...မြို့မန္တလာတွင်းဝယ် × × × တချို့ကလည်း ငြင်းပယ် × × × တို့ဘာသာချင်းမို့ လင်းရပါတော့မယ် × × × အရှက်အကြောက်ကုန်ပြီ ဆုံသည်ကိန်းဝယ်၊ ဓါးမှာလည်း သယက်(ထယ်)ကြက်သွန်နံ့ဆိုထင့်ကွယ် (အိုက်လို့)၂ × × × အပါးဆုံးမို့ အလုံးဖုံမက်တယ် × × × (ခေတ်အလိုက် နှစ်မြိုက်) အစမှာ စွကျလိုက်ပါဘိတယ် (ရှုတ်လိုက်)× × × အကယ်အင်္ကျီပါးရယ်နဲ့၊ ကာလသားကို ဆွယ်၊ ငါ့ သမီး၊ ငါ့သား၊ ငါ့မယားဖို့ကွယ်၊ မန္တလာကချစ်ဖွယ် × × × မစိန်သုံး... ဂုန်အိတ်ချုပ်ပေးမယ်"**

"သိပ်ကောင်းတဲ့ သီချင်း။ ဩော်. . . ခုနေများ ဝိုင်အမ်ဘီသခင်တင်နဲ့ မင်းသားကြီး ဦးချစ်ဖွယ်များ မြင်တွေ့လိုက်ကြရင် လူရိုင်းတွေအတွက် ပိုကောင်းတဲ့ ရှက်ကြောပြတ်သီချင်း ထွက်ပေါ်လာမှာ သေချာတယ်"

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# စာရိတ္တ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

စာရိတ္တ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒီဇင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဖန်တီးပုံဖော်ထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြ၍ သိရသည်။

စာရိတ္တ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်းက ဖန်တီးရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၅၂၈ မေတ္တာ၊ ၁၅၀၀ အချစ်ကို ဟာသ Drama နဲ့ Action ရောပြီး ပရိသတ်တွေအတွက် ရသပေါင်းစုံ ခံစားစေရအောင် ဖန်တီးထားပါတယ်။ ပရိသတ်တွေနဲ့ ရင်ဘတ်ချင်းထိမလားဆိုတော့ ရုံတင်ရင်သိရမှာပါ။ အနုပညာရှင်တွေ အင်အားမြိုင်မြိုင်ဆိုင်ဆိုင် သုံးထားတဲ့ ဇာတ်ကားလို့လဲ ပြောလို့ရပါတယ်။ ဇာတ်ကားမပြခင် Trailer ရဲ့ စကားလုံးတွေ ပရိသတ်ကြားပေါက်တယ် အသံပြန်ကြားလို့လဲ ပီတိဖြစ်ပါတယ်"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

စာရိတ္တ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကောင်းမြတ်စံ၊ နေဝင်း၊ ထက်အောင်ရှိုင်း၊ မင်းဘုန်းမြတ်၊ တေဇလင်းရောင်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥသြသံသာ၊ လှနုထွန်းတို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် နေဆန်း၊ မင်းသူ၊ သတ္တိ၊ ညီဂျော်၊ ဝင်းမင်းသန်းတို့က အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ASH

# Saw-11 ဇာတ်ကားထုတ်လုပ်မှု Lionsgate ရုပ်ရှင်ကုမ္ပဏီစတင်နေ

**နယူးယောက် ဒီဇင်ဘာ ၁၄**

Saw-11 ထိတ်လန့်သည်းဖို ဇာတ်ကားထုတ်လုပ်မှုလုပ်ငန်းကို Lionsgate ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Saw-11 ဇာတ်ကားကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ရုံတင်ပြသရန်လည်း Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း၊ သို့ရာတွင် Saw-11 ဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာကို Lionsgate ကုမ္ပဏီက ကြေညာခြင်းမရှိသေးသလို အဆိုပါဇာတ်ကား၌ မင်းသား တိုဘင်ဘဲ ပြန်လည်ပါဝင်လာနိုင်မှုရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

သို့ရာတွင် ယခင် Saw ဇာတ်ကားများ၌ မင်းသား တိုဘင်ဘဲ၏ ဂျွန်ကရာမာ ဇာတ်ကောင်အဖြစ် သရုပ်ဆောင်ထားမှုမှာ လူကြိုက်များခဲ့၍ Saw-11 တွင် တိုဘင်ဘဲ ပြန်လည်ပါဝင်လာနိုင်သည်။

ဒါရိုက်တာ ကီဗင်ဂရုးတပ် ရိုက်ကူးပေးခဲ့ပြီး မင်းသား တိုဘင်ဘဲ၊ စတီဗင်ဘရန်းနှင့် မင်းသမီး ဆိုင်းနိုဗီမာကိုဒီလန်းတို့ ပါဝင်ထားသော Saw-10 ဇာတ်ကားကို စက်တင်ဘာ ၂၇ ရက်က ရုံတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၇ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# အဆိုတော် ချယ်ရီသင်း၏ ဒါ...ချစ်လို့ဘဲ တေးစီးရီး Music Video (MV) ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အဆိုတော် ချယ်ရီသင်း၏ ကိုယ်တိုင်ရေး ကိုယ်ပိုင်သံစဉ် တေးသီချင်းသစ် ငါးပုဒ်ပါရှိသည့် ဒါ. . . ချစ်လို့ဘဲ တေးစီးရီး Music Video (MV) ဒီဇင်ဘာ ၁၃ ရက်က ထွက်ရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ဒါ. . . ချစ်လို့ဘဲ တေးစီးရီး Music Video (MV) တွင် ကိုယ်တိုင်ရေး ကိုယ်ပိုင်သံစဉ် သီချင်းသစ်များဖြစ်သည့် အရက်သမားလို့ မခေါ်ပါနဲ့၊ လွမ်းရဦးမယ် ဆောင်း၊ မောင်နဲ့သာဆိုရင်၊ The Trauma Of Love၊ ဒါ. . . ချစ်လို့ဘဲ အမည်ရှိ တေးသီချင်း ငါးပုဒ်ပါဝင်ကြောင်း၊ တေးသီချင်းများကို ဒါရိုက်တာ ခန့်ကျော်က တေးသရုပ်ဖော် ရိုက်ကူးထားပြီး သရုပ်ဆောင်များအဖြစ် အဆိုတော် ချယ်ရီသင်း၊ သရုပ်ဆောင် ဗညားဘုန်းပြည့်၊ မိုးစက်တို့က ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီတေးစီးရီးတစ်ခုလုံး ကိုယ့်ဘာသာ ဉာဏ်မီသလောက် ရေးထားပါတယ်။ ကိုယ်က တေးရေးဆရာတစ်ယောက် မဟုတ်တော့ လိုအပ်ချက်တွေ ရှိသေးတယ်။ လိုအပ်ချက်တွေရှိရင် နားလည်ပေးပါအုံးလို့။ ဒီခွေထွက်ဖြစ်တာက ချယ် အိပ်မက်ဆုံရာပြိုင်ပွဲက အားပေးလာတဲ့သူတွေ အားပေးရကျိုးနပ်အောင်၊ အားပေးရတာ ထိုက်တန်အောင် တာဝန်ကျေချင်တာမို့ အတတ်နိုင်ဆုံးကြိုးစားပြီး ဒီခွေလေး ဖန်တီးဖြစ်တာပါ။




Music Video လေးတွေကို ချယ်သေချာလေး ရိုက်ထားပါတယ်။ မင်းသား ဗညားဘုန်းပြည့်က ကျိုက်ထီးရိုးထိ တကူးတက အပင်ပန်းခံ လိုက်ရိုက်ပေးတယ်။ ချယ်ရဲ့ဒီခွေလေးကို အားပေးနားဆင်ပြီး ဝေဖန်အကြံပြုပေးပါအုံး"ဟု အဆိုတော် ချယ်ရီသင်းက ပြောပြသည်။

ဒါ. . . ချစ်လို့ဘဲ တေးစီးရီး Music Video (MV) သည် အဆိုတော် ချယ်ရီသင်း၏ ပထမဆုံးထွက်ရှိသည့် တေးစီးရီး Music Video (MV)ဖြစ်ပြီး အဆိုပါ တေးစီးရီး Promotion ပွဲကို မန္တလေးတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ ASH

# Dune: Part Two ဇာတ်ကား၏ ပြသချိန် ၁၆၆ မိနစ်ထိရှိ

**နယူးယောက် ဒီဇင်ဘာ ၁၄**

Dune: Part Two ဇာတ်ကား၏ ပြသချိန် စုစုပေါင်းမှာ ၁၆၆ မိနစ်ထိရှိကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Dune: Part Two သည် ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ ရိုက်ကူးခဲ့သမျှ ရုပ်ရှင်ဇာတ်ကားများအနက် ပြသချိန်အကြာမြင့်ဆုံး ဇာတ်ကားလည်းဖြစ်သည်။

Dune နှင့် Dune: Part Two ဇာတ်ကားများသည် အမေရိကန် စာရေးဆရာ ဖရင့်ဟားဘတ်၏ Dune သိပ္ပံဝတ္ထုများကို အခြေခံ ရိုက်ကူးထားသည့် ဇာတ်ကားများဖြစ်ကြသည်။

Dune: Part Two ဇာတ်ကားတွင် မင်းသား တင်မိုသီချားလမက်၊ အော်စတင်ဘတ္တလာ၊ မင်းသမီး ဖလောရင့်ပက်၊ ဇန်ဒါးယာနှင့် ရီဘက်ကာဖာဂူဆန်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Dune: Part Two ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားသည်။

ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၆၅ သန်းရှိခဲ့သော Dune(2021) ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေအမေရိကန်ဒေါ်လာ ၄၀၂ သန်းထိ ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# အာဂမင်းခေါင် ဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သီဟမင်းညီ ဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အာဂမင်းခေါင် ဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် စစ်နိုင်က ပြောပြ၍ သိရသည်။

အာဂမင်းခေါင် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သီဟမင်းညီက တာဝန်ယူပုံဖော်ရိုက်ကူးမည်ဖြစ်ကာ ဇာတ်လမ်းတွဲကို လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"လူစွမ်းကောင်းထဲက လူစွမ်းကောင်းတစ်ယောက် ဇာတ်လမ်းပုံစံမျိုးပါ။ ခုနှစ်ရက်သားသမီးကို ကယ်တင်တဲ့ ဇာတ်ကောင်ပုံစံမျိုးပါ။ အောင်မြတ်သာတို့လို ဇာတ်လမ်းပုံစံမျိုးနဲ့မတူပါဘူး။ အောင်မြတ်သာရဲ့ ဇာတ်လမ်းပုံစံကတစ်မျိုး၊ အာဂမင်းခေါင်ရဲ့ ဇာတ်လမ်းပုံစံကတစ်မျိုးပါ။ ကျွန်တော့်အနေနဲ့ နောက်ပိုင်း အနုပညာလုပ်ရားမှုတွေမှာ ပရိသတ်မြင်တွေ့နေကျ မဟုတ်တဲ့ ဇာတ်ရုပ်တွေ ဇာတ်လမ်းဇာတ်အိမ်ကောင်းတာတွေ ရိုက်ပြသွားမှာပါ။ အောင်မြတ်သာ ဇာတ်လမ်းပုံစံမျိုး တွေ့ရှိရတော့မှာမဟုတ်ဘဲ အခြားသောဇာတ်ကောင်ကာရိုက်တာတွေနဲ့ ပရိသတ်ရှေ့ကို ပြန်လာပါအုံးမယ်"ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ မျိုးကို၊ ဖိုးကျော်၊ စိုင်းသီဟ၊ လင်းအောင်၊ ယွန်းရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing of the Republic of Union of Myanmar sends 49th Anniversary Rakhine State Day message

(15 December 2023)

**Esteemed national brethren of Rakhine State,**

On this auspicious 49th Anniversary Rakhine State Day, which falls today, I wish health and happiness for all the national people of the state and the Union.

Rakhine State Day is full of profound characteristics and auspiciousness, and a pride of Rakhine people. The 15th of December was set up by the 1974 Constitution as the Rakhine State Day. All the Rakhine people have been observing the Rakhine State Day on a grand scale as a special Day annually for 49 years.

Geographically, Rakhine State is touching western neighbours and is rich in natural resources. It is also a beautiful state with a long coastline and a green environment, in addition to producing valuable products. It is a place where the teachings of Lord Buddha flourish and has a large number of ancient pagodas, whose number is compared to the state's richness in local orchid species, and traditional heritage and works of art.

**Esteemed national brethren,**

The State Administration Council declared the state of emergency and is assuming the State duties in accord with the Constitution. The SAC adopted the Roadmap and Objectives as soon as it assumed the State duties, and now it is implementing the five-point Roadmap and nine Objectives.

The SAC is also improving the current situation of the country, with the goal to ensure a peaceful and prosperous future for all the national people. It set the national prosperity and food sufficiency as the national goal and the establishment of a Union based on democracy and federalism and genuine and disciplined democracy as the political goal. The State and the Tatmadaw are indivisible with the national people in fully implementing the adopted goals, Roadmap and objectives with firm resolve till success is achieved.

**Esteemed national brethren,**

The SAC set up the Central Committee for Peace, Stability and Progress of Rakhine State and is implementing sector-wise socioeconomic development undertakings including farming, education, health, communication and electricity sectors for Rakhine State development.

Severe cyclonic storm Mocha caused loss and damage in Rakhine and Chin states in May 2023. From the time the storm started brewing in the sea the government had been closely monitoring it. It could make advanced plans to reduce loss and damage to the most possible degree all along the areas hit by the storm in line with the adopted natural disaster project.

The government made advanced plans to store food including rice and distributed it in time to the locals. It also issued warnings and safety instructions for possible storm-hit areas, conducted drills, and excavated people all along the possible path of the storm to safe places according to its advanced programs. In this regard, the mortality rate of Mocha was many times lesser than that of Nargis, although the former was much stronger than the latter that hit the country in 2008. With the leadership of the State, close supervision of Tatmadaw and relevant government bodies, local and foreign donations and cooperation of the national people, relief and rehabilitation activities could be carried out with greater momentum and the situation could be restored in a short time. Now, collective efforts are being made to reach a better situation as planned. The achievement in Rakhine State is a proof of family spirit the ethnic races of other places had for Rakhine State and its ethnic people, alongside their show of patriotism and Union spirit.

As the State was able to deliver more than 73,000 baskets of seed rice to eight townships in Rakhine before the planting season after the Mocha cyclone, it was seen that more than 3,000 acres of monsoon paddy, more than the target, could be cultivated despite being affected by the cyclone this year. If measures are taken to manufacture more livestock products than now and to successfully manufacture fish, shrimp and fishery products, food security will be ensured domestically and the products could be exported to foreign countries as well. Besides, it is urged to support and encourage MSME business based on agriculture, livestock and natural products such as wood, bamboo and rattan and other materials and pay special attention to improvement of socio-economic life of the ethnic people in the state and development of the state.

ထို့ပြင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းနှင့် ယခုမေ ၁၄ ရက်တွင် စစ်တွေမြို့အနီးမှ ဖြတ်ကျော်တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် စသည့် ကမ်းရိုးတန်းဒေသများတွင် ဆုံးရှုံးမှုများနှင့်တွေ့ကြုံခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများကို စနစ်တကျရေးဆွဲပြီး ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် ရေရှည်အတွက်အကျိုးရှိသည့် ကြိုတင်ကာကွယ်ရေးအစီအမံများ ဖော်ထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒအသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိပါကြောင်း၊ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးနှင့် အသိပညာပေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့က မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိရာ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများက "အပြာရောင်စီးပွားရေး (Blue Economy)" သဘောတရားများ ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက် "ASEAN Leader's Declaration on Blue Economy" ကို ထုတ်ပြန်ခဲ့ပြီး အာဆီယံ အပြာရောင်စီးပွားရေးဆိုင်ရာ မူဘောင် "ASEAN Blue Economy Framework" ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအပြာရောင်စီးပွားရေးမူဘောင်တွင် ပင်လယ်ကမ်းရိုးတန်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သယံဇာတများ ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးကဏ္ဍ၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာကဏ္ဍများကို ဦးတည်ချက်ထားပြီး ရေးဆွဲထားရှိခဲ့ပါကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများ ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းခြင်းနှင့် စနစ်တကျထုတ်ယူအသုံးပြုခြင်းကို ဟန်ချက်ညီညီဆောင်ရွက်နိုင်မည့် မူဝါဒ၊ အစီအမံများ ပေါ်ထွက်လာစေရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲစေရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်လုပ်ငန်းစဉ်များကိုလည်း တင်ပြဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အနောက်နိုင်ငံများနှင့် အနောက်နိုင်ငံအားကိုး မီဒီယာများအနေဖြင့် ညနေတိုင်းထုတ်လွှင့်နေကျပုံသေနည်းသတင်းတစ်ပုဒ်ထပ်တိုးထုတ်လွှင့်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်နှင့် ခမ်းပါတ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ အနောက်နိုင်ငံများနဲ့ အနောက်နိုင်ငံအားကိုးမီဒီယာများအနေနဲ့ ညနေတိုင်းနဲ့ ညပိုင်းတိုင်းမှာ ထုတ်လွှင့်နေကျပုံသေနည်းသတင်းတစ်ပုဒ်ထပ်တိုးလာတယ်ဆိုတာတွေ့ရတယ်။ ဒီထုတ်လွှင့်နေကျပုံသေနည်းသတင်းတစ်ပုဒ်ဆိုတာကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆွေးနွေးခဲ့တာတွေရှိတယ်ဆိုတာထုတ်လွှင့်ပြီးဖြစ်တယ်။ အဲဒီဆွေးနွေးချက်တွေ၊ဆွေးနွေးမှုတွေအပေါ်မှာမူတည်ပြီး မစိုးရိမ်ကြဖို့နဲ့၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ စိုးရိမ်စရာမရှိတဲ့အကြောင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးနဲ့အတူ လက်တွဲတိုက်ပွဲဝင်သွားမယ်လို့ MNDAA ၊ TNLA ၊ AA အဖွဲ့ကပြောတဲ့အကြောင်းဆိုတာကို အမြဲတမ်းထုတ်လွှင့်နေတဲ့ပုံစံမျိုးလေးတွေတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများ၊ ပြည်သူလူထုအနေနဲ့ ဘယ်သူမှငြိမ်းချမ်းရေးကို မလိုလားတဲ့သူမရှိဘူး။ ပဋိပက္ခတွေမဖြစ်ပွားစေချင်ဘူး။ ကိုယ့်ရဲ့လူမှုစီးပွားဘဝတည်ငြိမ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝပြည့်စုံတည်ငြိမ်ရေးကိုပဲ သူတို့အားပေးကြတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မေးခွန်းထုတ်စရာရှိတာက သူတို့ပြောသလို မြန်မာပြည်သူလူထုကို မစိုးရိမ်ပါနဲ့ဆိုတော့ မြန်မာပြည်သူလူထုကစိုးရိမ်နေတာလား၊ သူတို့ကစိုးရိမ်နေတာလားဆိုတာပဲ မေးခွန်းထုတ်စရာဖြစ်ပါတယ်။ အဖြေကတော့ရှင်းရှင်းလေးပါပဲ မြန်မာနိုင်ငံထဲမှာ ပဋိပက္ခတွေလျော့ပါးသွားမှာ၊ မြန်မာနိုင်ငံလေးငြိမ်းချမ်းရေးရရှိမှာ၊ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲပြီး ငြိမ်းချမ်းသွားမှာကို သူတို့ပဲမလိုလားနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ မြန်မာနိုင်ငံထဲမှာ အပစ်အခတ်ရပ်စဲမယ့်ကိစ္စတွေ၊ ပဋိပက္ခလျော့နည်းမယ့်ကိစ္စတွေ၊လူမှုစီးပွားဘဝတည်ငြိမ်စေမယ့်ကိစ္စတွေကို မျိုးစုံသွေးထိုးလှုံ့ဆော်ပြီး ဆောင်ရွက်နေကြခြင်းဖြစ်တယ်ဆိုတာကို အားလုံးကသတိပြုရမှာဖြစ်ပါတယ်။ ဝိုင်းဝန်းဆန့်ကျင်ရမှာဖြစ်ပါတယ်။

ဒီနေ့ထိတွေ့မှုများအနေနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ နမ့်ခမ်းနဲ့ ၁၀၅ မိုင်ကြားမှာ TNLA အဖွဲ့နဲ့ ထိတွေ့မှုရှိပါတယ်။ ပြီးရင် ကယားပြည်နယ်ဘက်မှာဆိုရင် ပြည်နယ်ရဲ့ရုံးဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုရှိပါတယ်။ ထီးချိုင့်နဲ့ခမ်းပါတ်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုရှိပါတယ်။ခမ်းပါတ်မှာဆိုရင် သူတို့အနေနဲ့အရင်က ထုတ်ခဲ့ဖူးပါတယ်။ ခမ်းပါတ်မြို့ကိုထိန်းချုပ်ထားနိုင်ပြီဆိုတာမျိုး ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ ပြန်လည်လုံခြုံမှု၊ တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အစိုးရနဲ့တပ်မတော်အနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေး သုံးပါး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒါတွေကိုအစဉ်တစိုက်ရပ်တည်၊ ဆောက်တည်သွားမှာဖြစ်ကြောင်းပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လားရှိုးမြို့ရှိ နယ်မြေခံကျောင်းများတွင် ယာယီတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း





တာဝန်ရှိသူများက တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ကျောင်းသုံးစာရေးကိရိယာများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ MNDAA၊ TNLA၊ AA အဖွဲ့တို့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကြောင့်အချို့သော ကျေးရွာများ၊ မြို့များ၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူလူထုတို့အနေဖြင့် ၎င်းတို့၏နေရပ်မှ တိမ်းရှောင်စွန့်ခွာ၍ လားရှိုးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ရုံး၊ အဆောက်အအုံများ၌ ယာယီတည်းခိုနေထိုင်ရလျက်ရှိသည်။အဆိုပါ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရန် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့မှဦးဆောင်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များ၌ လာရောက်တည်းခိုနေထိုင်လျက်ရှိပြီး လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ကျောင်းသူ ၅၆ ဦးအတွက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ထောက်ပံ့ပေးအပ်သည့် ကျောင်းဝတ်စုံများ၊ ကျောပိုးအိတ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံသွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

**စာမျက်နှာ ၂၀ မှအဆက်**

**သမ္မတဂျိုးဆေးရာမို့စ်ဟော်တာ သိစေချင်ပါတယ်။ မြန်မာနိုင်ငံအရေးဟာ ထိုနိုင်ငံ၊ ထိုနိုင်ငံသားတွေရဲ့ ပြည်တွင်းရေးသာဖြစ်တယ်။ ဒေသအရေးလည်း မဟုတ်၊ နိုင်ငံတကာအရေးလည်းမဟုတ်၊ နိုင်ငံတကာငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေခြင်းလည်းမရှိပါ၊ အရှေ့တီမောနဲ့ဆိုအဝေးကြီး၊ ဆိုင်လည်းမဆိုင်ပါ။ တစ်နိုင်ငံပြည်တွင်းရေး ဝင်မစွက်ကြေး အာဆီယံမူနဲ့လည်း မညီပါ၊ အာဆီယံအဖွဲ့ဝင်ဖြစ်လာမယ့် နိုင်ငံတစ်နိုင်ငံအနေနဲ့ ယခုကတည်းက ဆင်ခြင်ထားသင့်ပါတယ်။**

မြန်မာနိုင်ငံရဲ့အခြေအနေဟာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနဲ့အတူ ဖြစ်ပေါ်လာတဲ့ မဲမသမာမှုတွေကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး ယခုကာလဆောင်ရွက်ချက်တွေဟာ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ ဒီမိုကရေစီကိုလေးစားသူ သမ္မတကြီးသိဖို့လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များအတိုင်း ရွေ့လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ရွေ့လုပ်ငန်းစဉ်ပါအတိုင်းလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးသွားမယ်၊ ပြီးရင် အနိုင်ရပါတီကို နိုင်ငံတော်တာဝန်ကို လွှဲသွားပေးမယ် စတဲ့အချက်တွေဟာ ဒီမိုကရေစီပြန်လည်ထူထောင်ရေး လက်တွေ့ကျတဲ့အချက်တွေဆိုတာ ဂျိုးဆေးရာမို့စ်ဟော်တာ သမ္မတကြီးသိနေဖို့လိုပါမယ်။ အာဆီယံ တူညီဆန္ဒငါးချက်ကို အကောင်အထည်ဖော်ရာမှာလည်း မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားပြီး အာဆီယံပဋိညာဉ်စာတမ်းပါအချက်တွေအပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာလည်း အကြိမ်ကြိမ်ကတိကဝတ်ပြုပြီးသားဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ မြန်မာနိုင်ငံအရေး ဘယ်လောက်နက်နဲကျယ်ပြန့်တယ်ဆိုတာ သမ္မတကြီးထက် မြန်မာနိုင်ငံပြည်သူတွေ၊ မြန်မာနိုင်ငံခေါင်းဆောင်များနဲ့မြန်မာ့တပ်မတော်ကသာ အသိဆုံးဖြစ်ပါတယ်။ နိုင်ငံတကာက ဘယ်ခေါင်းဆောင်ကမှ အသိဆုံးဖြစ်တယ်ဆိုတာလည်း မမှန်ပါဘူး။ မြန်မာ့အရေးစဉ်းစားရာမှာ သမိုင်းကြောင်းနဲ့အမျိုးသားရေးစရိုက်လက္ခဏာများ၊ ကိုလိုနီစနစ်ကြောင့်ဖြစ်ရတဲ့စိတ်ဝမ်းကွဲပြားမှုများကို ကြိုတင်သိနားလည်ထားဖို့လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံသမိုင်းကြောင်းတွေဟာ တစ်ခုနဲ့တစ်ခု မတူညီကြတဲ့အတွက် ယခုလို ဝင်ရောက်စွက်ဖက်ပြောကြားချက်တွေဟာ ဖိအားပေးသက်သက်သာဖြစ်တာကြောင့် အောင်မြင်မှုရနိုင်မှာမဟုတ်ဆိုတဲ့အချက်ကို တီမောလက်စတေခေါင်းဆောင်တွေသိထားသင့်ပါတယ်။

ယခုလိုကာလမှာ မြန်မာနိုင်ငံအစိုးရနဲ့ပြည်သူတွေရဲ့ကြိုးစားမှုတွေကို နားလည်အောင်ကြိုးစားပြီး အပြုသဘောအားပေးမှုနဲ့ အပေါင်းလက္ခဏာဆောင်တဲ့အချက်တွေကသာ မြန်မာနိုင်ငံအပေါ် ကူညီရာရောက်ပါမယ်။ သို့သော် အရှေ့တီမောသမ္မတနဲ့ဝန်ကြီးချုပ်တို့ဟာ မြန်မာနိုင်ငံအရေးအပေါ် ပြင်းပြင်းထန်ထန်စွပ်စွဲပြောခဲ့ကြသူတွေမို့ ကျွန်တော်တို့ကလည်း မြန်မာနိုင်ငံတော်နဲ့ မြန်မာပြည်သူတွေကိုယ်စား သူတို့အပေါ်မှာ ယခုလိုပြင်းပြင်းထန်ထန်ပြန်လည်တုံ့ပြန်လိုက်ရခြင်းသာဖြစ်ပါတယ်။ အဆင့်တစ်ရပ်မှာရှိမနေသူတွေကို ယခုလိုတုံ့ပြန်ခြင်းဟာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်အတွက် မှန်ကန်တယ်လို့ခံယူမိပါတယ်။ ။

# မြစ်ကြီးနားမြို့နှင့် ဖျာပုံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး



သံဃာတော်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၄၃ ပါးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ EGC စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေါ်ညိမ်းကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါနှင့် အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၃၂၄ ဦး တို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Angel-Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်နေ ပွင့်ဖြူအောင်အား ညနေ ၃ နာရီ ၄၅ မိနစ်တွင် လှိုင်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# လောင်းလုံးမြို့နယ် ညင်းမော်ရွာကို စစ်တပ်ကဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော် တန်ဖိုးရှိ ပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်ခိုးယူသွားဟု တရားမဝင်ပြည်ပျက်မီဒီယာ Khit Thit Media က ကောလာဟလသတင်းရေးသားဖြန့်ဝေ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညင်းမော်ရွာကို တပ်မတော်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ကျော်တန်ဖိုးရှိ ပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်ခိုးယူသွားသည်ဟု မဟုတ်မမှန်သတင်းများကို ပြည်ဖျက်မီဒီယာ တစ်ခုဖြစ်သည့် Khit Thit Mediaက လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၃ရက် တပ်မတော်မှ လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့မှုမရှိကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်နှင့် ပြည်သူလူထုအကြား အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန် သတင်းများကို အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

| | | |
|---|---|---|
| | ၁၅-၁၂-၂၀၂၃ (သောကြာနေ့) | |
| ၁။ | ၀၆း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

သဇင်(FM) အသံလွှင့်အစီအစဉ်

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူး ၄၅ ဦးနုတ်ထွက်စာတင်ထားသော်လည်း ထွက်ခွင့်မရဟု လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ဒီဇင်ဘာ ၆ ရက်ကစပြီး ဟင်္သာတမြို့ရှိ နယ်မြေခံတပ်ရင်းတွင် စစ်သင်တန်းတက်ရမည်ဖြစ်ကြောင်း၊ ပြီးလျှင်ရှေ့တန်းကိုပို့ခံရမည်ဖြစ်သည့်အတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများက နုတ်ထွက်စာတင်သော်လည်း ထွက်ခွင့်မရဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်။



အဆိုပါသတင်းနှင့် ပတ်သက်၍ မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း တပ်တွင်းသတင်းအရင်းအမြစ်များနှင့် ဟင်္သာတမြို့နယ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ သိရှိရသည်။

ပြည်ဖျက်မီဒီယာများက မီဒီယာကို အကြမ်းဖက်လက်နက်သဖွယ် အသုံးချကာ သတင်းတု၊ သတင်းမှားများကို ရေးသားဖော်ပြလျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် တပ်မတော်အား ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်နေခြင်း သာဖြစ်ကြောင်း သတင်းရရှိပါသည်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၁၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၁၀၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၁၀၈ ဧကကို ဒီဇင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာ၂၁၀၈ ဧကစိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၁၀၈ ဧက လျာထားစိုက်ပျိုးသွားဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေအနေနဲ့လဲ နေကြာကို အရင်နှစ်ကစိုက်ဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ နေကြာမျိုးစေ့တွေကတော့ တောင်သူတွေက စနစ်တကျရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအနေအထား၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အဓိကထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်မှ တောင်သူများကို ယခုနှစ် စိုက်ပျိုးမည့် နေကြာများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်း ကောင်းစေရန်၊ နေကြာမျိုးကောင်းမျိုးသန့် အသုံးပြုတတ်စေရန်၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန်၊ အရည်အသွေးကောင်းနေကြာများ ထွက်ရှိစေရန် အတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းပညာများ၊ ပိုးသတ်ဆေးစနစ်တကျအသုံးပြုရေးနည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# လွယ်မွေမြို့၌ လွယ်မွေဘုရားသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေမြို့၌ လွယ်မွေဘုရားသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးဌာနခွဲမှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၄၈ သန်းဖြင့် ဆောင်ရွက်သည့် လွယ်မွေမြို့ လွယ်မွေဘုရားသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ် စံချိန်စံညွှန်း ပြည့်မီခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



လွယ်မွေမြို့၌ လွယ်မွေဘုရားသွားလမ်း အရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးလက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ရွှေမနောချယ်ရီကုမ္ပဏီက နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လွယ်မွေဘုရားသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ဘုရားဖူးလာ ဒေသခံပြည်သူများ ရာသီမရွေးသွားလာ၍ ဘုရားဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပွင့်ဖြူမြို့နယ် ဇီးကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကျွန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ဇီးကျွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၄ ဒသမ ၇၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၂၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၁၂-၂၀၂၄**


| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



# ထာဝရအလင်း

ပိုင်ဆု(ပညာရေး)

(၁)

ဒယီးဒယိုင်ဖြင့် ပြန်လာသော အဖေ့ကို မြင်တွေ့လိုက်ရသည်နှင့် ကျော်စွာအခန်းထဲသို့ဝင်ပြေးလိုက်သည်။ အဖေအိမ်ပေါ်သို့ မတက်မီ လှေကားပေါ်အရောက်မှာပင် အဖေ့ဆီက ထွက်နေသော အရက်နံ့ကို ကျော်စွာအိမ်ထဲမှပင် ရရှိလိုက်ပြန်သည်။ အိမ်ရှေ့တွင် အမေသည် မီးပူတိုက်နေပြီး အစ်မဖြစ်သူကတော့ ကျောင်းမှပါလာသော အိမ်စာများကို လုပ်နေသည်။ အဖေသည် မိသားစုဝင်များကို ဘာမျှမပြောဘဲ သူ့အခန်းထဲသို့ ယိမ်းယိုင်စွာဝင်သွားသည်။ အမေသည် အဖေ့ကို မျက်စောင်းတစ်ချက်လှမ်းထိုးလိုက်ပြီး လုပ်လက်စအလုပ်ကို ဆက်လုပ်နေသည်ကို ကျော်စွာ အခန်းဝမှ ချောင်းကြည့်နေသောကြောင့် မြင်တွေ့လိုက်ရသည်။ ထို့နောက် ကျော်စွာလည်း အိမ်ရှေ့သို့ထွက်လိုက်ပြီး အမေဖြစ်သူ၏အနားတွင် ဝင်ထိုင်လိုက်သည်။

"အမေ အဖေက ဘာဖြစ်လို့ အဲဒီအရက်တွေ နေ့တိုင်းသောက်နေရတာလဲဟင်"

ကျော်စွာ ခပ်တိုးတိုးလေး မေးလိုက်ခြင်းဖြစ်သည်။ အမေကတော့ ပြန်မဖြေသေးဘဲ အဖေရှိရာအခန်းကို လှမ်းကြည့်လိုက်သေးသည်။ ထို့နောက် ကျယ်လောင်သောအသံဖြင့် ပြန်ဖြေလိုက်သည်။

"ကြိုက်လို့ သောက်တာတဲ့ဟေ့ ကြိုက်လို့သောက်တာတဲ့။ မိသားစုကို သူ့ပိုက်ဆံတွေမပေးချင်လို့ သူ ဘာသာသူ သုံးဖြုန်းချင်လို့ သောက်နေတာတဲ့ဟေ့"

"အမေကလဲ တိုးတိုးပြောပါ၊ တော်ကြာ အဖေ ကြားသွားလို့ ပြဿနာရှာနေပါအုံးမယ်"

အစ်မဖြစ်သူက အမေ့ကို ဝင်ပြောလိုက်ခြင်းဖြစ်သည်။ အစ်မသည် ရှစ်တန်းကျောင်းသူဖြစ်သည့်အတွက် အိမ်၏အခြေအနေကို ကျော်စွာထက်ပင်ပိုသိသည်။ ကျော်စွာက နှစ်တန်းကျောင်းသား ဖြစ်သည့်အတွက် အရာအားလုံးကို ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိသေးပေ။ သို့သော် သူသိတာတစ်ခုတော့ရှိသည်။ အရက်မူးပြီး ပြန်လာသော အဖေ့ကို သူ မနှစ်သက်ပါ။ အဖေ့ကို မြင်သည်နှင့် ရှောင်ပုန်းနေခဲ့သည်။ အဖေ မူးလာပြီး အမေ့ကို ပြဿနာရှာတိုင်းလည်း အဖေ့ကို ဒေါသထွက်မိသည်။ ယခင်ကဆို အဖေသည် မိသားစုကို ဂရုစိုက်သည်။ အမေ့အပေါ်လည်း ကြင်နာသည်။ လွန်ခဲ့သည့် ခြောက်လခန့်မှပင် အဖေသည် အရက်သောက်တတ်လာပြီး ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။ အမေ့ကိုလည်း သူစိမ်းဆန်ဆန် ဆက်ဆံလာသည်။

"တိုးတိုးမပြောနိုင်ဘူးဟေ့ ခံရတာများနေပြီ။ အိမ်ထောင်ဦးစီးတဲ့ ဘာအိမ်ထောင်ဦးစီးလဲ တစ်အိမ်လုံးကိုစွကော၊ သားသမီးတွေကိုစွကော ငါ့ခေါင်းပေါ်ချည်းပဲ။ အဲဒီအရက်သောက်ပြီးကတည်းက ငါတို့ကို အရက်လောက်တောင် စေတနာမရှိတော့တာဟေ့"

အမေသည် ပြောနေရင်းနှင့် မီးပူတိုက်ထားသော အဝတ်များကိုယူကာ အိမ်ခန်းထဲသို့ ဝင်သွားတော့သည်။ ကျော်စွာတို့ မောင်နှမနှစ်ယောက်သာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကျန်နေခဲ့ကြတော့သည်။

(၂)

"မောင်လေးတော့ အဖေ့ကို တအားမုန်းတာပဲဗျာ"

"အဲဒီလိုမပြောရဘူးလေ မောင်လေးရဲ့၊ ငရဲကြီးနေပါ့မယ်။ အဖေက အဖေပဲလေ"

"ဒါပေမဲ့ မမရယ် အဖေက အမြဲတမ်းမူးပြီး အမေ့ကို ပြဿနာရှာတယ်လေ။ ပြီးတော့ မောင်လေးတို့ကိုလဲ ချစ်မှမချစ်တာ"

"မောင်လေးရာ မိဘဆိုတာ မမတို့ ရွေးချယ်လို့ရတဲ့အရာမှမဟုတ်တာ။ အဖေ့မှာလဲ အကြောင်းကိစ္စတစ်ခုခု ရှိမှာပါ။ မောင်လေးက ငယ်သေးတယ်၊ တဖြည်းဖြည်းနားလည်လာမှာပါ"

သူ ဘာမျှဆက်မပြောဖြစ်တော့ပါ။ သူ့အသက်အရွယ်ကြောင့် ဘာမျှနားမလည်သေးဘူးဟုသာ ခံယူလိုက်မိသည်။ ထို့နောက် မောင်နှမ နှစ်ယောက် ကျောင်းသွားရန် ပြင်ဆင်လိုက်ကြသည်။ အမေကတော့ ဈေးထဲတွင် ဟင်းရွက်စုံရောင်းသည်မို့ သူတို့ကျောင်းသွားပြီးချိန်လောက်မှ အိမ်ပြန်ရောက်တတ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်တည်း ရှုန်းကန်နေရသော အမေ့ကို သူ သနားမိသည်မှာ အမှန်။ ကျောင်းသို့မသွားမီ အဖေ့အခန်းဝရှိ လိုက်ကာကို အသာဆွဲပြီး ချောင်းကြည့်လိုက်သည်။ ခါတိုင်းရက်များဆို အဖေသည် အိပ်ပျော်နေရင်း ဟောက်နေသောအသံကို ကြားရသည်။ သည်နေ့တော့ ဟောက်သံမကြားရသည့်အတွက် အဖေများနိုးနေပြီလားဆိုပြီး သိချင်စိတ်ကဖြစ်မိသည်။ ဟောက်သံမကြားရသော်လည်း ငြိမ်သက်စွာအိပ်နေသော အဖေ့ကို မြင်တွေ့လိုက်ရသည်။

(၃)

အစ်မဖြစ်သူက သူ့အတန်းပိုင်ဆရာမထံသို့ တစ်ခုခုပြောရင်း သူ့ကို အိမ်ပြန်ရန်လာခေါ်သည်။ ဆရာမကလည်း အသာတကြည်ခွင့်ပြုလိုက်သည်။ ဘာကိစ္စလည်းမေးသော်လည်း အစ်မသည်ပြန်မဖြေပါ။ ဘာပဲဖြစ်ဖြစ် ကျောင်းတက်ချိန်ကနေ အိမ်သို့ပြန်ရသည့်အတွက် သူ ပျော်မိသည်။

အဝေးမှ အိမ်သို့လှမ်းမြင်လိုက်ရသည်။ အိမ်ရှေ့တွင် လူများစုရုံးပြီး မဏ္ဍပ်ထိုးနေကြသည်ကို တွေ့လိုက်ရသည်။

"အစ်မ အိမ်မှာဘာဖြစ်လို့လဲဟင်၊ အလှူလုပ်မလို့လားဟင်"

အစ်မသည် ဘာတစ်ခွန်းမျှမဖြေဘဲ ခြေအစုံကို ရပ်ကာ မျက်ရည်များတွင်တွင်စီးကျနေတော့သည်။ သူလည်းငိုချင်လာသည်။ ရင်ဘတ်ထဲသို့ ဝမ်းနည်းခြင်းများ အလိုလိုရောက်ရှိလာသည်။

"ဟဲ့ ဟိုကလေးနှစ်ယောက်က နာရေးအိမ်က ကလေးတွေမလား။ သနားပါတယ်"

"ဟုတ်ပါ့ဟယ် သနားပါတယ်"

ဘေးမှဖြတ်သွားသော အဒေါ်ကြီးနှစ်ယောက်ဆီမှကြားလိုက်ရသော အသံဖြစ်သည်။ သူတို့အိမ်သည် နာရေးအိမ်တဲ့။ ထို့အတူ နံနက်က ငြိမ်သက်စွာ အိပ်နေသောအဖေ။ ဟောက်သံပင် မကြားရသော အဖေ။ သူ၏ အတွေးတွင် ထင်ဟပ်လာသည်။ စိတ်လည်းလှုပ်ရှားလာသလို မျက်ရည်များလည်း စီးကျလာတော့သည်။ အစ်မ၏ဆုပ်ကိုင်ထားသောလက်ကို လွှတ်လိုက်ကာ အိမ်သို့အပြေးသွားလိုက်တော့သည်။

❖ အဖေသည် သူ၏ဝေဒနာကို တစ်ယောက်တည်း ကျိတ်ခံစားပြီး မိသားစုမသိအောင် နေခဲ့သည်။ ထို့ပြင် မိသားစု သူ့အပေါ်မုန်းတီးလာအောင် သူ့ဘဝကို အရက်နှင့်မိတ်ဖွဲ့ပြီး မိသားစုအပေါ် သူစိမ်းဆန်ဆန် တမင်ဆက်ဆံခဲ့သည်။ သူ၏လစာများကို အိမ်ကိုမပေးသော်လည်း ဘဏ်တွင်စုထားပြီး သူသေလျှင် မိသားစုကိုပေးရန် သူငယ်ချင်းဖြစ်သူနှင့်မှာခဲ့သေးသည်။ ယခုဆို ကျော်စွာ အရာအားလုံးကို နားလည်သွားပြီဖြစ်သည်။ ❖

(၄)

"ဟင်"

အိမ်ပေါ်သို့ အတက်မှာပင် အခန်းထောင့်တွင် ထိုင်နေသော အဖေ့ကို မြင်တွေ့လိုက်ရသည်။ ထို့နောက် အိမ်ရှေ့ခန်းရှိဖျာပေါ်တွင် အသက်မဲ့နေသော အမေ့ရုပ်အလောင်းကို မြင်တွေ့လိုက်ရသည်။ ထင်ထားသောအရာသည် လွဲမှားနေသော်လည်း ခံစားမှုသည်ကား ထပ်တူကျနေသောကြောင့် အမေ၏ အသက်မဲ့နေသော ခန္ဓာကိုယ်ကိုပြေးဖက်ကာ ကလေးပီပီ အားရပါးရငိုကြွေးလိုက်သည်။ အဖေသည် သူ့အနားရောက်လာပြီး သူ့ကို ပွေ့ဖက်လိုက်သည်။ အဖေ ငိုထားသည်ကိုလည်း သူ သတိထားမိသည်။ ထို့နောက် အစ်မဖြစ်သူရောက်လာပြီး အမေ့ကို ဖက်ကာ ငိုနေတော့သည်။ အမေသည် ဈေးကအပြန် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားသည်ဟု သိလိုက်ရသည်။ အဖေ့ကို သူ အပြစ်တင်ချင်သော်လည်း အဖေ့ကိုကြည့်ပြီး သူ အပြစ်မတင်ရက်ပေ။ အဖေသည် အမေ့အတွက်နှင့် အတော်ခံစားနေရမှန်း သူ သိသည်။ အစ်မသည်လည်း အဖေ၏ရင်ခွင်ထဲသို့ဝင်ကာ ငိုနေတော့သည်။

"ကဲ သမီးနဲ့သား ဘာမှမဖြစ်နဲ့နော်။ အဖေရှိပါသေးတယ်။ အဖေအရက်လဲ မသောက်တော့ဘူး။ အားလုံး အဖေ့အမှားတွေပါ။ အဖေမိုက်ရူးရဲဆန်လို့ မင်းတို့အမေ သေရတာ"

သူတို့မောင်နှမလည်း ဘာမျှဆက်မပြောတော့ပါ။ သားအဖသုံးယောက်သား ဖက်ပြီးငိုနေကြသည်ကို ကြည့်ပြီး ရပ်ကွက်ထဲမှ လူများကလည်း စိတ်မကောင်းဖြစ်နေကြသည်။

(၅)

အချိန်များသည် တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အဖေနှင့်အမေ၏ အုတ်ဂူနှစ်ခုနားတွင်ရပ်ပြီး မောင်နှမနှစ်ယောက်သား နှုတ်ဆိတ်နေခဲ့သည်။ အမေဆုံးပြီး လေးလအကြာတွင် အဖေ ထပ်မံဆုံးပါးသွားခဲ့ရသည်။ အဖေသည် သွေးကင်ဆာရောဂါ နောက်ဆုံးအဆင့် ခံစားနေရသူဖြစ်မှန်း နောက်မှသိခဲ့ရသည်။ အဖေသည် သူ၏ဝေဒနာကိုတစ်ယောက်တည်းကျိတ်ခံစားပြီး မိသားစုမသိအောင် နေခဲ့သည်။ ထို့ပြင် မိသားစု သူ့အပေါ်မုန်းတီးလာအောင် သူ့ဘဝကို အရက်နှင့်မိတ်ဖွဲ့ပြီး မိသားစုအပေါ် သူစိမ်းဆန်ဆန် တမင်ဆက်ဆံခဲ့သည်။ သူ၏လစာများကို အိမ်ကို မပေးသော်လည်း ဘဏ်တွင်စုထားပြီး သူသေလျှင် မိသားစုကိုပေးရန် သူငယ်ချင်းဖြစ်သူနှင့် မှာခဲ့သေးသည်။ ယခုဆို ကျော်စွာ အရာအားလုံးကို နားလည်သွားပြီဖြစ်သည်။ မိဘမေတ္တာတရားများကိုလည်း ကျော်စွာသိမြင်ခဲ့ရပြီဖြစ်သည်။ မိဘများမရှိတော့သည့်နောက်ပိုင်း အိမ်အတွက် အမေ၏အစ်မဖြစ်သူ အဒေါ်အပျိုကြီးက သူတို့ မောင်နှမနှစ်ယောက်ကို စောင့်ရှောက်ရန် လာနေပေးခဲ့သည်။

"မမ မပြောတာ မှန်တယ်နော်"

"ဘာလဲ မောင်လေး"

"မိဘဆိုတာ ကိုယ်ရွေးချယ်လို့မရဘူးဆိုတာလေ၊ မောင်လေးတို့မိဘတွေက မောင်လေးတို့အပေါ် ပေးဆပ်ခဲ့ကြပေမဲ့ လောကကြီးထဲကနေ အစောကြီး ထွက်သွားရတယ်နော်"

"ဒါပေမဲ့ မောင်လေးရယ် အဖေနဲ့အမေက မမတို့တွေရဲ့ရင်ထဲ အမြဲတမ်းရှင်သန်နေမှာပါ။ နောက်ပြီး မိဘဆိုတာ သားသမီးတွေအတွက် ထာဝရအလင်းပါပဲ။ သူတို့ဟာ ဘယ်လိုပုံစံ၊ ဘယ်လိုဘဝပဲဖြစ်ဖြစ် ဘယ်လောက်ပင် မှောင်မိုက်နေပါစေ သားသမီးတွေအတွက်တော့ အားသွန်ခွန်စိုက်နဲ့တောက်ပပေးကြသူတွေဆိုတာ မမတို့တွေ အခုသိခဲ့ရပြီလေ"

သူ ခေါင်းကို အသာအယာ ညိတ်လိုက်သည်။ ထို့နောက် သူတို့၏ရင်ဘတ်တွင် အမြဲတမ်းရှင်သန်နေမည့် ထာဝရအလင်းနှစ်စုံ၏ အုတ်ဂူလေးကို ထိုင်ကန်တော့လိုက်ကြသည်။ အရာအားလုံးသည်ကား တိတ်ဆိတ်နေခဲ့သည်။ သူတို့၏ နှလုံးအိမ်ထဲတွင်တော့ လင်းလက်တောက်ပခြင်းများက အလိုအလျောက် ကပ်ပါလာတော့သည်မှာ အသေအချာပင် ဖြစ်တော့သည်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၃၈၆၂၃ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၃၈၆၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၈၆၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးခဲ့တယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မိုးစပါး ၁၃၈၆၂၃ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်တဲ့ စပါးတွေကို ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စပါးစတင်မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့ပြင် စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့တယ်။ အခုရိတ်သိမ်းနေတဲ့ စပါးတွေ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီတာ တွေ့ရပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ရိတ်သိမ်းပြီးဖြစ်သည့် စပါး တစ်ဧကလျှင် ၉၉ ဒသမ ၂၂ တင်းထိ ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အိုင်ချိန်ရှိခိုက် လုံ့လစိုက်

- အချိန်ကို သုံးချတတ်ဖို့
သတိကပ် ရှိပါလျှင်၊
ပိုင်းခြားကာ ဝေဖန်တွေးလို့
ရွေးရှုစေချင်၊
ဥပမာပြ ယုန်လိပ်အသွင်
တွေးကြည့်မြင် သဘောတရား၊
လိပ်လိုသဖွယ် ပန်းတိုင်ရောက်ဖို့
လျှောက်လှမ်းကြိုးစား။

- အသိဉာဏ် ကြံဆပွားပေါ့
စွမ်းဆောင်ထား အားထုတ်ပါ၊
ဦးနှောက်ကို ဉာဏ်အစွမ်းနဲ့
လျှောက်လှမ်းရမှာ၊
ဇွဲလုံ့လ ခိုင်မာစွာ
ကြိုးစားကာ ရင်ဝယ်ပိုက်၊
ဖိုးတန်လူ စိတ်ထားမြင့်တော့
တင့်လှပေထိုက်။

- အကျိုးရှိအောင် အချိန်ရှိခိုက်
လုံ့လစိုက် အထွေထွေ၊
အမှားအမှန် ခွဲခြားတတ်မှ
မြင့်မြတ်မယ်လေ၊
လောကကိုလည်း အလှဆင်စေ
အပြုမူတွေ ဂုဏ်သတင်း၊
နေလပမာ ရောင်ခြည်ရွှန်းသို့
ထွန်းတောက်စေမင်း။ ။

**ကလေးလေး(ဟသ်ာတ)**

# အုတ်တွင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

**အုတ်တွင်း ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ကြားပေးမည့် သင်ခန်းစာကို ကြိုးစားသင်ယူလေ့လာကာ မိသားစုအတွက် အပိုဝင်ငွေများ တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည်ထိ သင်ယူကြရန် ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

အုတ်တွင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ဒေသအသီးသီးမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြောင်း၊ လက်သမား၊ ပန်းရန်နှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက သင်ထောက်ကူပစ္စည်း အပြည့်အစုံဖြင့် ဒီဇင်ဘာ ၁၃ ရက်မှစတင်ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ရက် ၂၀ ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# သရက်မြို့နယ် ကွမ်းအုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွမ်းအုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွမ်းအုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွမ်းအုံကျေးရွာ၌ အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၆ သိန်း စုစုပေါင်း ၁၇၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# ညောင်ရွှေမြို့နယ် ဖွဲစင်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွဲစင်းမြောက်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းဖြူဖြူအေးက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် ၂၅ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၈၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို ငွေကျပ် ၂၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အစ္စရေးပဋိပက္ခတွင် အီရန်၏အခန်းကဏ္ဍ

ဝင်းဇင်(သုတေသန)

ဂါဇာစစ်ပွဲသည် လက်ရှိအချိန်တွင် နှစ်လရှိလာပြီဖြစ်သည်။ ယာယီအပစ်အခတ်ရပ်စဲမှုများရှိနေသည့်တိုင်အောင် ပဋိပက္ခအဆုံးသတ်နိုင်မည့်လမ်းစကို လက်ရှိအချိန်ထိ တွေ့မြင်ရခြင်းမရှိသေးပေ။ ထို့ပြင် အဆိုပါစစ်ပွဲအတွင်း နိုင်ငံအသစ်များပါဝင်လာနိုင်သည့် အလားအလာကိုပင်လျှင် မြင်တွေ့ရလျက်ရှိသည်။ ထိုသို့ ပါဝင်လာနိုင်သည့် နိုင်ငံများအနက်မှ တစ်နိုင်ငံသည်အီရန်သို့တည်းမဟုတ် ၎င်းက ကျောထောက်နောက်ခံပေးထားသည့် လက်ဘနွန်အဖွဲ့ ဟစ်ဇ်ဘိုလာ (Hezbollah) များပင်ဖြစ်သည်။

တီဟီရန်အနေဖြင့် စစ်ပွဲတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိရေးအတွက် အတိုင်းအတာတစ်ခုထိ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်လျက်ရှိသော်လည်း အီရန်လိုလားသောအုပ်စုများသည် အမေရိကန်၏ စစ်စခန်းများကို တိုးမြှင့်တိုက်ခိုက်လာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အတွင်း အီရတ်နှင့်ဆီးရီးယားရှိ အမေရိကန်စစ်စခန်းများကို တိုက်ခိုက်ခံရမှုအကြိမ် ၇၀ ထိ ရှိခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများကို အီရတ်ရှိအီရန်အစွန်းလွန်အစောင့်တပ်ဖွဲ့ လိုလားသူများက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အီရန်နှင့်အစ္စရေးကြားရှိ ပဋိပက္ခသည် ရှောင်လွှဲမရသော အခြေအနေတစ်ရပ်ဖြစ်လာပြီလားဆိုသောမေးခွန်း ထွက်ပေါ်လာလျက်ရှိသည်။ ပဋိပက္ခကျယ်ပြန့်လာခြင်းသည် ဒေသတွင်းမတည်မငြိမ်မှုတိုးမြင့်ဖြစ်ပေါ်လာစေနိုင်ပြီး ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်နှင့်ရေနံထုတ်လုပ်မှုအပေါ်တွင်လည်း ဟန့်တားနှောင့်ယှက်မှုများဖြစ်ပေါ်လာစေနိုင်သည်။ ထိုသို့ဖြစ်ပွားလာမည်ဆိုလျှင် ဒေသတွင်းရှိ ပြည်သူအားလုံးကို ထိခိုက်နစ်နာစေမည်ဖြစ်သည်။

ထို့ကြောင့် ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် ကမ်းလှမ်းထားရှိသည်။ အပြန်အလှန်အားဖြင့် အီရန်သည် အစ္စရေးနိုင်ငံနှင့် ပဋိပက္ခအရှိန်မြင့်တက်လာမှုကို တားဆီးရန် ၎င်း၏ မဟာမိတ်များကို ထိန်းချုပ်ပေးသွားရမည်ဖြစ်သည်။ အီရန်သည် အစ္စရေးကိုတော်လှန်တိုက်ခိုက်နေသည့် အတိုက်အခံမဟာမိတ်များကို လက်နက်တပ်ဆင်ပေးမှုရပ်ဆိုင်းသွားဖွယ်ရာရှိသည်။ အစ္စရေးကိုတိုက်ခိုက်နေသည့်အဖွဲ့များတွင် လက်ဘနွန်၊ အီရတ်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့ရှိလက်နက်ကိုင်အုပ်စုများ ပါဝင်သည်။

မည်သို့ပင်ဆိုစေ အီရန်အနေဖြင့် ဆော်ဒီအာရေဗျနှင့် စစ်ဘက်ဆက်ဆံရေးတိုးတက်မှုကို အထောက်အပံ့ပေးရန်သာအသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်။ ထို့ကြောင့် ဂါဇာစစ်ပွဲနှင့်စပ်လျဉ်း၍ အခြေအနေပိုမိုဆိုးရွားလာနိုင်မှုကိုလည်း ထည့်သွင်းတွက်ချက်သွားရန်လိုအပ်သည်။ ဂါဇာစစ်ပွဲတွင် အီရန်ပါဝင်လာမည်ဆိုလျှင် အားလုံးအတွက် ဒုက္ခရောက်မည့် အခြေအနေပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူများသေကျေထိခိုက်မှု မြင့်တက်လာမည်ဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့စီးပွားရေးအပေါ် ထိုးနှက်မှုဖြစ်လာမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသည် ကိုဗစ်-၁၉ရောဂါ၏ သက်ရောက်မှုများမှ ပြန်လည်ရုန်းထနေရဆဲပင်ဖြစ်သည်။

အီရန်အနေဖြင့် စစ်ပွဲတွင်ပါဝင်ရန်ဆုံးဖြတ်ခဲ့မည်ဆိုလျှင် ပါရှန်ပင်လယ်ကွေ့မှဖြတ်သန်းသွားလာနေသောသင်္ဘောများနှင့် ဆီသယ်သင်္ဘောများအပေါ် ဟန့်တားနှောင့်ယှက်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။ ထိုထက်ပိုမိုဆိုးရွားလာမည်ဆိုလျှင် အခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်မှုများလုပ်ဆောင်လာနိုင်ပေသည်။ ထိုသို့ပဋိပက္ခများကြီးထွားလာမည်ဆိုလျှင် ဈေးကွက်ယုံကြည်မှု ကျဆင်းလာဖွယ်ရာရှိသည်။ ဒေါ်လာနှင့်ရွှေဈေးနှုန်းများမှာလည်း တစ်ရှိန်ထိုးမြင့်တက်လာနိုင်ပေသည်။ ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်သွားရမည်ဖြစ်သည်။



အစ္စရေးပဋိပက္ခတွင် တိုက်ခိုက်ခံရသည့် ဂါဇာဒေသအဆောက်အအုံများ

အမေရိကန်နိုင်ငံ Bloomberg စီးပွားရေးပညာရှင်များ၏ သုံးသပ်ချက်အရ ရေနံဈေးကွက်မတည်မငြိမ်ဖြစ်လာပြီဆိုလျှင် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှုန်း ၁ ရာခိုင်နှုန်းကျဆင်းလာနိုင်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းလာနိုင်သည်ဟုဆိုသည်။ အကျိုးဆက်အနေဖြင့် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာနိုင်ပေသည်။

အီရန်အနေဖြင့် ဟားမတ်စ်အဖွဲ့နှင့် အစ္စရေး၏ ပဋိပက္ခအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသည့်တိုင်အောင် ၎င်းတို့အပေါ် နိုင်ငံတကာ၏ဖိအားပေးမှုများဆက်လက်ရှိနေမည့်အပြင် အနာဂတ်တွင်ပို၍ပင်မြင့်တက်လာနိုင်ပေသည်။ ထိုသို့နိုင်ငံတကာဖိအားပေးမှုများမြင့်တက်လာရခြင်း၏ အကြောင်းရင်းတစ်ရပ်သည် ကိုယ်ပိုင်နျူကလီးယားလက်နက်များသုတေသနပြုတည်ဆောက်သွားလိုသည့် တီဟီရန်၏ ရည်မှန်းချက်ကြောင့်ပင်ဖြစ်သည်။ အစ္စရေးနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားရှိပြီး အီရန်၏ နျူကလီးယားပိုင်ဆိုင်ရေးကြိုးပမ်းမှုများကိုတားဆီးနိုင်ရေးလိုအပ်သော အစီအမံမှန်သမျှကို လုပ်ဆောင်လျက်ရှိသည်။

ရေတိုကာလတွင် ပထဝီနိုင်ငံရေးဆိုင်ရာမသေချာမရေရာမှုများမရှိသေးသော်လည်း အလားအလာရှိသည့် ပေါက်ကွဲလုနီးပါးအခြေအနေများသည် ထွက်ပေါ်လာလျက်ရှိသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စွန့်စားရနိုင်ခြေများကို သတိထားစောင့်ကြည့်သွားသင့်သည့်အပြင် ဖြစ်နိုင်ခြေရှိသော ပြောင်းလဲမှုအလားအလာများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်သည်။

ဆိုရလျှင် ဟားမတ်စ်အဖွဲ့သည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်းကို စတင်တိုက်ခိုက်ခဲ့သဖြင့်အစ္စရေးတို့သည် အောက်တိုဘာ ၉ ရက်တွင် ဂါဇာကို လေကြောင်းမှ လက်တုံ့ပြန်စတင်တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာ ၁၃ ရက်တွင် အစ္စရေးတို့သည် ဂါဇာမြောက်ပိုင်းမှ ပါလက်စတိုင်းပြည်သူများကို ရွှေ့ပြောင်းရန်အမိန့်ပေးခဲ့သည်။ အောက်တိုဘာ ၂၇ ရက်တွင် အစ္စရေးတို့သည် ဂါဇာဒေသကို မြေပြင်ထိုးစစ်စတင်ဆင်နွှဲခဲ့သည်။ နိုဝင်ဘာ ၂ ရက်တွင် ဂါဇာမြို့တော်ကို သိမ်းပိုက်ခဲ့သည်။ နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်ထိ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ယာယီအပစ်အခတ်ရပ်စဲခဲ့သည်။ အီရန်-ပါလက်စတိုင်းပူးပေါင်းဆောင်ရွက်မှုကို ရှင်းရှင်းလင်းလင်း မသိရှိရသော်လည်း အမေရိကန်သည်အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုအတွက် အီရန်အပေါ် သံသယဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီသည် ဟားမတ်စ်တိုက်ခိုက်မှုတွင်အီရန်၏ ပါဝင်မှုအခန်းကဏ္ဍကို ဆက်လက်စုံစမ်းလျက်ရှိသည်။

ယခုဆိုလျှင် အစ္စရေး-ဟားမတ်စ်ပဋိပက္ခသည် အချိန်ကာလ နှစ်လကျော်လာပြီဖြစ်သည့်အပြင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ ဂါဇာစစ်ပွဲကို ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိအချိန်တွင် အစ္စရေးတင့်ကားများသည် ဂါဇာတောင်ပိုင်းသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သည်။ စစ်မက်ဖြစ်ပွားသည့်အချိန်မှစ၍ ဒီဇင်ဘာ ၃ ရက်ထိ ကလေးငယ် ဦးရေ ၇၀၀၀ ကျော်အပါအဝင် ပါလက်စတိုင်းပြည်သူဦးရေ ၁၈၀၀၀ ကျော် သေဆုံးခဲ့ပြီး ဦးရေ ၃၆၀၀၀ ကျော် ဒဏ်ရာရရှိထားကြောင်း၊ ဦးရေ ၇၀၀၀ ကျော် ပျောက်ဆုံးနေပြီး စစ်မက်ဖြစ်ပွားချိန်မှစ၍ သေကျေထိခိုက်ဒဏ်ရာရရှိမှု လူဦးရေ ၆၁၀၀၀ ကျော်ရှိ ပြီဖြစ်ကြောင်း၊ ၎င်းပမာဏသည် ဂါဇာ၏ ပြည်သူ ၂ ဒသမ ၃ သန်း၏ ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဂါဇာကျန်းမာရေးဌာနမှ အစီရင်ခံထားရှိသည်။ ပါလက်စတိုင်းပြည်သူ ၁ ဒသမ ၉ သန်းနှင့် အစ္စရေးပြည်သူ ဦးရေ ၅၀၀၀၀၀ ခန့်သည် အိမ်ခြေရာမဲ့ဖြစ်ပေါ် လျက်ရှိသည်။

ဆိုရလျှင် လက်ရှိဂါဇာစစ်ပွဲသည် ၁၉၇၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ဖြစ်ပွားခဲ့သည့် Yom Kippur စစ်ပွဲဖြစ်ပွားပြီး နှစ်ပေါင်း ၅၀ အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒုံးကျည်အစင်း ၃၀၀၀ ဖြင့် စတင်ပစ်ခတ်ခိုက်တိုက်ခိုက်ခဲ့သည့် လက်ရှိစစ်ပွဲကို ဟားမတ်စ်နှင့်ပါလက်စတိုင်းတို့က Operation Al-Aqsa Flood ဟုခေါ်ဆိုခဲ့သည်။ ဂါဇာစစ်ပွဲသည် ပြီးဆုံးမည့်အလားအလာမရှိသေးဘဲ အခြားနိုင်ငံများသည်ပင်လျှင် ပါဝင်ပတ်သက်လာနိုင်သည်။ အထူးသဖြင့် အီရန်ကျောထောက်နောက်ခံပေးထားသည့် အဖွဲ့များသည် အစ္စရေးနိုင်ငံကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်လာနိုင်ပေသည်။

အမှန်တော့ အီရန်အနေဖြင့် ဟားမတ်စ်တို့ကို ဘဏ္ဍာငွေ၊ ရော့ကတ်ဒုံးများနှင့်လက်နက်ခဲယမ်းများ ပံ့ပိုးပေးခဲ့သည့်အပြင် လေ့ကျင့်သင်တန်းပေးမှုများ လုပ်ဆောင်ခြင်းအားဖြင့် အစ္စရေးတို့ကို တိုက်ခိုက်ရာတွင် စနစ်တကျစီမံပေးခဲ့ကြောင်း လေ့လာသုံးသပ်သူများက ကောက်ချက်ချထားသည်။ အီရန်အနေဖြင့် အရှေ့အလယ်ပိုင်းပြဿနာတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိဘဲ လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့များ၊ ဂါဇာရှိဟားမတ်စ်အဖွဲ့များ၊ အီရတ်ရှိစစ်သွေးကြွအဖွဲ့များကို ကိုယ်စားစစ်ပွဲဆင်နွှဲခိုင်းလေ့ရှိသည်။ အီရန်အစောင့်တပ်ဖွဲ့မှကိုယ်စားလှယ်များနှင့် အေးဂျင့်များသည် ဟားမတ်စ်အဖွဲ့ကို လေ့ကျင့်သင်တန်းပေးခဲ့ပြီး အစ္စရေးတို့ကို တိုက်ခိုက်ရန်စီမံပေးခဲ့သည်။ အထူးသဖြင့် အီရန်သည် အစ္စရေးတို့ကို တိုက်ခိုက်လျက်ရှိသည့် ဟစ်ဇ်ဘိုလာအဖွဲ့ကို၎င်း၏ နောက်ဆုံးပေါ် အဆင့်မြင့်ဒရုန်းများပေးကာ ကူညီပံ့ပိုးလျက်ရှိသည်။ ထို့ကြောင့် ဂါဇာစစ်ပွဲတွင် အီရန်အပါအဝင် ဒေသတွင်းနိုင်ငံများပါဝင်လာမည်ဆိုလျှင် အရှေ့အလယ်ပိုင်းဒေသ၌ စစ်မီးတောက်လောင်လာနိုင်ပေသည်။

**ကိုးကား**

- Iran's Role in Israel's conflict. By Asia Times.

## မကွေးမြို့နယ် သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မကွေး ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာအား ဘက်စုံသုံးခန်းမကို ဌာနမှသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village)ရန်ပုံငွေကျပ် ၂၅ ဒသမ ၅ သန်းဖြင့် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ အောက်တိုဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်



ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာ၏ အိမ်ခြေ ၆၈ အိမ်၊ လူ ၂၇၉ ဦး၏ လူမှုရေးကိစ္စအဝဝကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၂၃၅၀၅ ဧက ရိတ်သိမ်းပြီးစီး



**အင်းတော် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမိုးစပါး ၂၃၅၀၅ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၂၃၅၀၅ ဧကရိတ်သိမ်းပြီးစီးခဲ့ကာ တစ်ဧကလျှင် ပျမ်းမျှ ၇၈ ဒသမ ၃၈ တင်း ထွက်ရှိသည်။

"ဒီနှစ် အင်းတော်မြို့နယ်မှာ မိုးစပါးဧက ၅၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိရိတ်သိမ်းမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ထိ မိုးစပါးဧက ၂၃၀၀၀ ကျော် ရိတ်သိမ်းပြီးနေပြီ။ အထွက်နှုန်းကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလျက်ရှိပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်တွင် မိုးစပါးဧက ၅၅၉၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၅၅၇၉၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ရေနံချောင်းမြို့နယ် ဝက်လွတ်ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝက်လွတ်ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝက်လွတ်ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း မှာကြားသည်။

ဝက်လွတ်ရွာသစ်ကျေးရွာ၌ လမ်းအရှည်ပေ ၅၅၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင် ငွေကျပ် ၁ ဒသမ ၈၃၆ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာနေပြည်သူကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

ခရီးသွားဆောင်းပါး

# အလှတွေဝေမြဲ သံဖြူဇရပ်နှင့် ကမ်းခြေစက်စဲ

သက်နိုင်(မြင်ဦးလွင်)

ကျောင်းပိတ်ရက်တွေမှာ ဘုရားဖူးရင်း၊ လေ့လာလည်ပတ်ရင်း၊ အပန်းဖြေခရီးစဉ်အဖြစ် မြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတာ မွန်ပြည်နယ်ရဲ့ အထင်ကရ တစ်ခုဖြစ်တဲ့ ကျိုက္ခမီရေလယ်ဘုရားကို ရောက်ရှိနေကြပါပြီ။ ရောက်ရောက်ချင်း ဘုရားရှိခိုးဖူးမြော်၊ ပတ်ဝန်းကျင်တစ်ခွင်က ပင်လယ်ကမ်းခြေရှုမျှော်ခင်းတွေကို ကြည့်ရှုလေ့လာကြပြီးတာနဲ့ ဈေးဆိုင်တန်းတွေရှိရာကို ထွက်လာခဲ့ကြတယ်။ ဈေးဆိုင်တန်းတွေက ရေလယ်ဘုရားအနီး ပင်လယ်ကမ်းခြေတစ်ဝိုက်မှာပါ။ စားသောက်ဆိုင်တွေ၊ ထမင်းဆိုင်တွေ၊ ဒေသထွက်ကုန်အရောင်းဆိုင်တွေ၊ ငါးပိငါးခြောက်ဆိုင်တွေ၊ ပင်လယ်ခရုတွေနဲ့ ပြုလုပ်ဖန်တီးထားတဲ့ ပစ္စည်းမျိုးစုံဆိုင်တွေရှိနေကြတယ်။ ဘုရားဖူးဧည့်သည်အများစု ဝိုင်းအုံကြည့်ရှုဝယ်ယူနေကြတာက ခရုဆိုင်တွေမှာ ပိုများနေကြတယ်။ ဒါပေမဲ့ အရင်နှစ် ၂၀ ကျော်ကာလတွေတုန်းက တွေ့မြင်ဝယ်ယူခဲ့ရတဲ့ခရုဆိုင်တွေနဲ့ အခုရှိနေတဲ့ခရုဆိုင်တွေ အလွန်ကွာခြားသွားတာကို သတိထားမိနေတယ်။ အရင်တုန်းက ခရုမျိုးစုံ၊ ဖန်တီးမှုမျိုးစုံ၊ လိုချင်မက်မောစရာမျိုးစုံရှိနေတဲ့ ခရုဆိုင်တွေမှာ ခရုတွေနည်းသွားသလို မြန်မာနိုင်ငံအနှံ့က မြို့တိုင်း၊ ဈေးတိုင်းမှာ တွေ့မြင်ရောင်းချနေကြတဲ့ ပလတ်စတစ်၊ သစ်သား၊ ဝါး၊ ကျောက်အမျိုးမျိုး စတာတွေနဲ့ ပြုလုပ်ထားတဲ့ခေတ်ပေါ်ဖန်စီပစ္စည်းတွေက နေရာယူထားကြတော့တယ်။ အခုအချိန်မှာ မြန်မာ့ ရိုးရာခရုလက်မှုပစ္စည်းတွေ နည်းပါးသွားတဲ့အပြင် ရောင်းချနေကြတဲ့ဈေးဆိုင်တွေလဲ နည်းပါးသွားကြတာ စိတ်မကောင်းစရာပါ။ ပင်လယ်ထဲကရရှိတဲ့ ခရုခွံတွေ နည်းပါးသွားလို့လား ဒါမှမဟုတ် အခြားအကြောင်းကြောင့်လားဆိုတာကတော့ မပြောတတ်ပါဘူး။

မိမိတို့ခရီးဖော်တွေ ခရုခွံဆိုင်တွေမှာ၊ ငါးပိငါးခြောက်ဆိုင်တွေမှာ လေ့လာဝယ်ယူနေကြတုန်း အချိန်ရတာနဲ့ အနီးမှာရှိနေတဲ့ ရေလယ်ကျောင်းတိုက်ဆရာတော်ကို ဖူးမြော်ရအောင် တစ်ယောက်တည်း ထွက်လာခဲ့လိုက်တယ်။ ရေလယ်ကျောင်းတိုက်က ဘုရားကိုသွားတဲ့ စောင်းတန်းညာဘက်ကပ်လျက်မှာပါ။ နေ့ဆွမ်းဘုဉ်းပေးပြီးခါစ ဆရာတော်ကို အဆင်သင့်တွေ့ဆုံဖူးပြီးပြီးချင်း ဆရာတော်က ဘယ်မြို့ကလာကြတာလဲ၊ ဘယ်နှယောက်လဲ၊ အခုချက်ချင်းသွားခေါ်ဆိုတာနဲ့ ဈေးဝယ်နေကြတဲ့ခရီးဖော်တွေကို အပြေးအလွှားသွားခေါ်ရတော့တယ်။ ကျောင်းတိုက်ကို ပြန်ရောက်တာနဲ့ ဆရာတော်က ဒကာကြီးတို့ကို ထမင်းကျွေးချင်လို့ခေါ်တာ လာခဲ့။ ထမင်းစားကြဆိုပြီး ဆွမ်းစားဆောင်ထဲမှာရှိနေတဲ့ စားပွဲပေါ်က အုပ်ဆောင်းကြီးကို ဖွင့်ပေးတယ်။ ထမင်းစား စားပွဲဝိုင်းက အကြီးကြီးဖြစ်နေသလို စားပွဲဝိုင်းကြီးကို ဖုံးအုပ်ထားတဲ့အုပ်ဆောင်းကြီးကလဲ စားပွဲတစ်ခုလုံးကို လုံလုံခြုံခြုံဖုံးအုပ်နိုင်အောင် ရောမအကြီးကြီးပါ။ စားပွဲပေါ်မှာလဲ ထမင်းဖြူတွေ၊ ကြက်သား၊ ဝက်သား၊ ငါး၊ ဆိတ်သားခြောက်၊ ကြက်ဥ၊ ဘဲဥဟင်းတွေနဲ့ အခြားဟင်းသီးဟင်းရွက် ကြော်ထား၊ ချက်ထား၊ ပြုတ်ထား၊ သုပ်ထားတဲ့ဟင်းရံပေါင်းများစွာအပြင် မုန့်ဟင်းခါးဟင်းရည်၊ မုန့်ဟင်းခါးဖတ်တွေကိုလဲ အများအပြား ပြည့်ပြည့်စုံစုံတွေ့ရှိလိုက်ရတယ်။

ထမင်းစားသောက်ပြီးတာနဲ့ ကျိုက္ခမီရေလယ်ဘုရားကနေ စက်စဲပင်လယ်ကမ်းခြေရှိရာကို ခရီးဆက်ခဲ့ကြတယ်။ မူလအစီအစဉ်က နေ့လယ်စာထမင်းကို စက်စဲကမ်းခြေရောက်မှ ပင်လယ်အစားအစာဟင်းမျိုးစုံနဲ့စားသောက်ကြဖို့ပါ။ အခုတော့ ကျိုက္ခမီရေလယ်ကျောင်းတိုက်ဆရာတော်က ကျွေးမွေးဧည့်ခံလိုက်လို့ စားသောက်ပြီးသွားကြပါပြီ။

ရေလယ်ဘုရားကနေ ထွက်လာပြီး ကျိုက္ခမီမြို့ ကျော်လွန်တာနဲ့ မွန်ပြည်နယ်ရဲ့အမှတ်သင်္ကေတဖြစ်တဲ့ ရော်ဘာခြံတွေ၊ ရော်ဘာတောတွေကို လမ်းဘေးတစ်လျှောက်မှာ အဆက်မပြတ်တွေ့မြင်လာရတယ်။ ရော်ဘာခြံတွေကိုသဘောကျတဲ့အချက်က ကားမောင်းနေရင်းနဲ့ အတည့်ကြည့်ကြည့်၊ ဘေးတစောင်းကြည့်ကြည့် ရော်ဘာပင်တွေအားလုံးကတစ်ဖြောင့်တည်း စီစီညီညီသွယ်တန်းပေါက်ရောက်နေကြတာပါ။ အပင်တွေကို စတင်စိုက်ပျိုးကတည်းက ဘယ်နေရာက ကြည့်ကြည့် တန်းစီပြီးညီနေအောင် သေသေချာချာ ပန္နက်ချစိုက်ပျိုးထားတာဖြစ်ပါတယ်။ ကားမောင်းသွားတဲ့အရှိန်နဲ့ အရပ်မျက်နှာတွေကိုလိုက်ပြီး မြင်ကွင်းအမျိုးမျိုး ပြောင်းလဲသွားနေပေမဲ့ ညီညီညာညာစီစီတန်းတန်းဖြစ်နေဆဲ ရော်ဘာပင်တွေက ကြည့်လို့ကောင်းနေတယ်။ ရော်ဘာပင်တိုင်းရဲ့ပင်စည်မှာလဲ ခရုပတ်ပုံစံနဲ့ ရော်ဘာစေးထုတ်ယူနေတာကို မြင်တွေ့နေရတယ်။




ကျိုက္ခမီရေလယ်ဘုရားနဲ့ စက်စဲကမ်းခြေက ၁၅ မိုင်သာ ကွာဝေးတာကြောင့် မကြာခင်မှာ ကမ်းခြေကိုရောက်ရှိလာကြတယ်။ သံဖြူဇရပ်မြို့နဲ့ ရေလယ်ဘုရားရဲ့အကွာအဝေးကလဲ ၁၅ မိုင်ပါ။ ရေလယ်ဘုရားနဲ့ စက်စဲကမ်းခြေကိုသွားတဲ့လမ်းတစ်နေရာမှာ လမ်းဆုံတစ်ခုရှိနေတယ်။ လမ်းဆုံက သံဖြူဇရပ်မြို့ကနေ ငါးမိုင်၊ ရေလယ်ဘုရားကို ၁၀ မိုင်၊ စက်စဲကမ်းခြေကို ငါးမိုင်ကွာဝေးတယ်။ ဒါကြောင့် သံဖြူဇရပ်မြို့နဲ့ စက်စဲကမ်းခြေက ၁၀ မိုင်ကွာဝေးနေတယ်။ နောက်ထပ်တစ်ခါ သံဖြူဇရပ်မြို့နဲ့ မော်လမြိုင်မြို့က မိုင် ၄၀ ကွာဝေးသလို မော်လမြိုင်မြို့နဲ့ မြင်ဦးလွင်မြို့က မိုင်ပေါင်း ၅၄၀ ဝေးကွာနေပြန်တယ်။ ဒါကြောင့်မို့လဲ အခု မိမိတို့ရောက်ရှိလာခဲ့ကြပြီဖြစ်တဲ့ စက်စဲကမ်းခြေထိ မြင်ဦးလွင်မြို့ကနေ မိုင် ၅၉၀ ခရီးပေါက်နေကြပါပြီ။ ဒါတောင် ကျိုက်ထီးရိုး၊ ဘားအံ၊ သာမညု၊ ရေလယ်ဘုရားကိုသွားခဲ့ကြတဲ့ အသွားအပြန်ခရီးမိုင်တွေမပါဝင်သေးပါဘူး။ ဒီခရီးမိုင်တွေကို ရေတွက်ပေါင်းထည့်လိုက်မယ်ဆိုရင် မိုင် ၇၀၀ လောက်ထိ ခရီးပေါက်ရောက်ရှိလာခဲ့ကြပြီဖြစ်ပါတယ်။

စက်စဲကမ်းခြေကိုရောက်တာနဲ့ ပင်လယ်ရေပြင်ကြီးကို လေ့လာကြည့်ရှုရင်း ပင်လယ်လေတွေကို တစ်ဝရှူရှိုက်ကြရတယ်။ ငယ်စဉ်ကတည်းက စာအုပ်တွေဖတ်ရှုပြီး မှတ်သားထားချက်အရ ပင်လယ်လေကို အနည်းဆုံးတစ်နှစ်တစ်ခါ ရှူရှိုက်ရင် ကျန်းမာရေးကောင်းတယ်ဆိုတာကြောင့် အခွင့်အခါသင့်ပြီး သွားလို့လာလို့ရတဲ့အချိန်တွေမှာ ပင်လယ်ကမ်းခြေခရီးစဉ်တွေ ရေးဆွဲသွားလာလည်ပတ်နေခဲ့တာ မြန်မာနိုင်ငံအနှံ့ အပြားမှာရှိတဲ့ ကမ်းခြေတွေရှိရာအားလုံးကို ရောက်ခဲ့ပြီးပါပြီ။ အချို့ကမ်းခြေတွေဆိုရင် တစ်ခေါက်တစ်ခါမက မကြာခဏရောက်ရှိနေတယ်။ အခုစက်စဲကမ်းခြေက ခုနစ်ခေါက်မြောက်ပါ။ ဒါပေမဲ့ ရောက်ခဲ့သမျှ ကမ်းခြေတွေထဲမှာ စက်စဲပင်လယ်ကမ်းခြေမှာရှိတဲ့ ရေတွေက အလွန်နောက်ကျိပါတယ်။ မောင်းမကန်၊ ချောင်းသာ၊ ငွေဆောင် စတဲ့နာမည်ကျော် ပင်လယ်ကမ်းခြေတွေမှာ ရေကြည်ကြသလို ရေအကြည်ဆုံးနဲ့ အလှဆုံးကမ်းခြေက ငပလီကမ်းခြေပဲဖြစ်ပါတယ်။

ဒေသထွက် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နဲ့ ငါးမုန့်ခြောက်တွေ ဝယ်ဖို့အတွက် စက်စဲကမ်းခြေမှာ ဝယ်ရမလား၊ မော်လမြိုင်ရောက်မှ ဝယ်ရမလားဆိုပြီး သာမညက မိတ်ဆွေဆီကို ဖုန်းဆက်မေးကြည့်တော့ စက်စဲကမ်းခြေမှာဝယ်တာ ပိုပြီးအဆင်ပြေတယ်။ မော်လမြိုင်က စက်စဲကနေတစ်ဆင့် လာတာလို့ ဖြေကြားတာကြောင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ ဈေးဝယ်တဲ့အလုပ်ကို လုပ်ရတော့တယ်။ ပထမဆုံး မေးမြန်းဝယ်ယူတဲ့ပစ္စည်းက ငါးမုန့်ခြောက်ပါ။ ပင်လယ်ငါးမုန့်ခြောက်စစ်စစ်လို့ အာမခံပြီး တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ ပေးရတယ်။ ငါးမုန့်ခြောက်တွေကို မေးမြန်းဝယ်ယူနေတုန်း ဈေးနှုန်းအခြေအနေတွေ သိရအောင် မြင်ဦးလွင်ကို ဖုန်းဆက်ကြည့်တော့ မြင်ဦးလွင်မှာ တစ်ပိဿာကို ငွေကျပ် ၄၀၀၀၀၊ ၅၀၀၀၀ ရှိတယ်။ သိပ်လဲမကောင်းဘူး။ ငါးမုန့်ခြောက်ရဲ့အနံ့ကို နမ်းကြည့်၊ မွှေးနေရင်ကောင်းတယ်။ တစ်ပိဿာလောက်တည်းမဝယ်နဲ့ နှစ်ပိဿာ၊ သုံးပိဿာလောက် ဝယ်ခဲ့ဆိုတာနဲ့ ငါးမုန့်ခြောက်တွေကို နမ်းကြည့်ရတော့တယ်။ စက်စဲက ဆိုင်တွေမှာရှိတဲ့ ငါးမုန့်ခြောက်တွေက မွှေးလဲမွှေး၊ ခြောက်လဲခြောက် ဖြစ်နေတာကြောင့် သုံးပိဿာပြည့်အောင် ဝယ်ယူခဲ့ရတယ်။ ငါးမုန့်ခြောက်ဈေးနှုန်းနဲ့နှိုင်းယှဉ်ပြီး ကျန်တဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဈေးနှုန်းတွေကို ဖုန်းဆက်မစုံစမ်းတော့ဘဲ သင့်တင့်သလို ဝယ်ယူခဲ့လိုက်တယ်။ အိမ်ပြန်လက်ဆောင်အဖြစ် ပင်လယ်ထွက်ကုန်တွေ အများအပြားဝယ်ယူပြီးပါပြီ။

ဈေးဝယ်ပြီးကြတာနဲ့ ကမ်းခြေကဆိုင်တစ်ဆိုင်မှာ အနားယူရင်းထိုင်ကြတယ်။ အချိန်က မွန်းလွဲ ၁ နာရီကျော်၊ ၂ နာရီလောက်ဖြစ်နေလို့ နေအပူဒဏ် ပြင်းထန်နေတဲ့အပြင် အသက်အရွယ်တွေအရ ရေထဲဆင်းပြီး ဆော့ကစားရမဲ့အရွယ်တွေမဟုတ်တော့တာကြောင့် ဆိုင်ထဲမှာပဲ အေးအေးဆေးဆေးထိုင်ပြီး ပင်လယ်ပြင်ကြီးရဲ့အလှကို ကြည့်ရှုခံစားကြရတယ်။ ရေကျနေချိန်ဖြစ်လို့ ပင်လယ်ရေရှိရာနဲ့ ဆိုင်ကလဲ အတော်အတန်ကွာဝေးနေတယ်။ ရေတွေရှိတဲ့နေရာထိ လမ်းလျှောက်သွားမယ်ဆိုရင် အလွန်ကျယ်တဲ့ သဲသောင်ပြင်ကြီးကို ဖြတ်သန်းကြရအုံးမှာပါ။ ဆိုင်ထဲမှာထိုင်ရင်း အုန်းစိမ်းရေသောက်ကြရအောင် တစ်လုံးဘယ်လောက်လဲမေးကြည့်တော့ ငွေကျပ် ၂၀၀၀ ဆိုတာကြောင့် အံ့သြသွားခဲ့ရတယ်။ အုန်းပင်မရှိ၊ အုန်းသီးမထွက်တဲ့ မြင်ဦးလွင်လိုတောင်ပေါ်မြို့မှာ အုန်းသီးတစ်လုံးကို ငွေကျပ် ၁၂၀၀ နဲ့ ကျောက်ဆည်မြို့အနီး ရွှေသိမ်တော်ဘုရားမှာတစ်လုံးကို ငွေကျပ် ၄၀၀ သာရှိနေကြပြီး ပင်လယ်ကမ်းခြေဒေသ အုန်းသီးတွေလှိုင်လှိုင်ထွက်တဲ့ စက်စဲကမ်းခြေမှာ တစ်လုံးကို ငွေကျပ် ၂၀၀၀ ဆိုလို့အံ့သြသွားကြရတာပါ။ ဒါပေမဲ့ ပင်လယ်ကမ်းခြေကိုရောက်တုန်း ကမ်းခြေနဲ့ကိုက်ညီနေတဲ့ အမှတ်သင်္ကေတဖြစ်တဲ့ အုန်းစိမ်းရေကို အမှတ်တရအဖြစ် မှာယူသောက်သုံးခဲ့ရတော့တယ်။

စက်စဲဆိုတာ ကိုလိုနီခေတ်ကတည်းက ပင်လယ်ရေချိုးဆိပ်တစ်ခုအဖြစ် ထင်ရှားခဲ့တယ်။ မွန်ဘာသာစကားနဲ့ "စပ်စား"ကနေ ဆင်းသက်လာပြီး ဆိပ်ကမ်းလို့အဓိပ္ပာယ်ရနေတယ်။ အခုလောလောဆယ်အခြေအနေမှာတော့ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုအဖြစ်သာ လူသိများထင်ရှားနေတယ်။ ပင်လယ်ပြင်ရှုခင်းတွေကြည့်၊ ဒေသထွက်ကုန်တွေဝယ်၊ အုန်းစိမ်းရေသောက်ပြီးကြတာနဲ့ သံဖြူဇရပ်မြို့ရှိရာ ပြန်လာခဲ့ကြတယ်။ စက်စဲနဲ့ သံဖြူဇရပ် ၁၀ မိုင်သာကွာဝေးတဲ့ အပြန်ခရီးကလဲ မိနစ်အနည်းငယ်အတွင်း ရောက်ရှိလာခဲ့တယ်။

သံဖြူဇရပ်မြို့ဆိုတာ သံဖြူတွေနဲ့ အုပ်မိုးဆောက်လုပ်ထားတဲ့ဇရပ်တစ်ဆောင်ကို အစွဲပြုခေါ်ဝေါ်ကြရင်း မြို့ဖြစ်ပေါ်လာခဲ့တာပါ။ ရှေးအခါက ဝါခရူမြို့ဟောင်း အနီးမှာရှိနေတယ်လို့ မြို့သမိုင်းတွေကဆိုတယ်။ လမိုင်းမြို့ကို ဘုရားဖူးသွားရောက်ကြမဲ့ ခရီးသည်တွေ နားနေဖို့အတွက် မွန်တိုင်းရင်းသားအလှူရှင် ဦးမျိုးနဲ့ ဇနီးဖြစ်သူ ဒေါ်မွန်တို့က ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းထားခဲ့တယ်။ စတင်ဆောက်လုပ်ခဲ့စဉ်က ရှစ်မြှောင့်သဏ္ဌာန်ဖြစ်ပြီး အလယ်တိုင်ကိုဖောက်ကာ အင်ဖက်တွေမိုးထားတယ်။ ဒါပေမဲ့ သမီးဖြစ်သူ မဂီယုတ် ခေါ် အဖွားယုတ် လက်ထက်ရောက်တဲ့အခါ ဗြိတိသျှအစိုးရဆီကနေ သွပ်ပြားတွေဝယ်ယူပြီး ဇရပ်ပေါ်မှာ မိုးပေးခဲ့တယ်။ ခေတ်အခါ မဖွံ့ဖြိုးမတိုးတက်သေးတဲ့အခြေအနေအရ သွပ်ပြားဖြူဖြူတွေကို သံဖြူလို့ခေါ်ဆိုလာခဲ့ကြပြီး ဇရပ်ကလဲ သံဖြူဇရပ်ဖြစ်လာခဲ့ရတယ်။ သံဖြူဇရပ်မြို့လေးက ၁၉၀၀ ပြည့်နှစ်လောက်ကတည်းက ထင်ရှားခဲ့တယ်လို့လဲဆိုတယ်။

သံဖြူဇရပ်မြို့အဝင် ဆိုင်းဘုတ်ကိုတွေ့ရှိကျော်ဖြတ်လာခဲ့ပြီး မကြာခင်မှာ နာမည်ကျော် သံဖြူဇရပ်စစ်သင်္ချိုင်းကိုရောက်ရှိလာကြတယ်။ စစ်သင်္ချိုင်းဆိုပေမဲ့ လှလှပပသာသာယာယာပါ။ ညီညာနေတဲ့ အုတ်ဂူသေးသေးဖြူဖြူလေးတွေ၊ သစ်ပင်ပန်းမန်တွေ၊ မြက်ခင်းစိမ်းစိမ်းတွေ၊ လျှောက်လမ်းလေးတွေနဲ့ လေ့လာလည်ပတ်ချင်စရာကောင်းနေတယ်။ အချို့ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အားလပ်ရက်တွေမှာ သင်္ချိုင်းထဲကို လာရောက်လည်ပတ်လေ့ရှိနေကြတယ်။ ဒါကြောင့်လဲ "ဤသင်္ချိုင်းမြေသည် ပထမနှင့် ဒုတိယ ကမ္ဘာစစ်အတွင်း အသက်စွန့်ခဲ့ကြသော ကုန်းတပ်၊ ရေတပ်နှင့် လေတပ်သားတို့ ထာဝရလဲလျောင်းရာ နေရာဖြစ်သည်။ လာရောက်လည်ပတ်ကြသော ဧည့်သည်များအနေဖြင့် ဂါရဝတရားနှင့်အညီ ပြုမူနေထိုင်ကြရန် မေတ္တာရပ်ခံပါသည်။ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးခွင့်မပြု"ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေကို အဝင်ဝမှာကတည်းက ရေးသားထားတာတွေ့ရတယ်။ သံဖြူဇရပ်စစ်သင်္ချိုင်းက မြန်မာမှာသာမက ကမ္ဘာမှာလဲ ထင်ပေါ်ကျော်ကြားသလို သာယာလှပနေတာကြောင့် သွားရောက်လည်ပတ်ချင်စရာကောင်းတဲ့နေရာတစ်ခုပါ။

အခုခရီးစဉ်မှာ တတိယမြောက်နေ့အဖြစ် သံဖြူဇရပ်မြို့နယ်ထဲက ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေနဲ့ စစ်သင်္ချိုင်းတွေကို လေ့လာလည်ပတ်ဖူးမြော်ပြီးကြပါပြီ။ မကြာခင်မှာ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်ရှိရာကို သွားရောက်လေ့လာကြည့်ရှုကြပါအုံးမယ်။ ရောက်ရှိခဲ့ပြီးတဲ့ စက်စဲပင်လယ်ကမ်းခြေနဲ့အတူ သံဖြူဇရပ်မြို့က လှလှပပ သာသာယာယာရှိနေဆဲပါ။ နောင်လဲ အလှတွေဝေနေအုံးမယ်လို့ ထင်မိပါတယ်။

# စနေနေ့ညမှာကစားမဲ့ အသင်းတွေထဲက တန်းဆင်းဇုန်ဖိအားအောက်က ရုန်းထွက်ရမဲ့ အဲဗာတန်အသင်း၊ လက်ချီအသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို ရွေးချယ်ရမှာပါ



စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုတွေမရှိပေမဲ့ ခြေရည်တူအသင်းတွေနဲ့ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရုန်းကန်ရမဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ အဲဒီထဲက တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ကြိုးစားရမဲ့အသင်းတွေကိုသာ အဓိကထားချဉ်းကပ်သွားမှာဖြစ်သလို လတ်တလောကစားပုံထက်မြက်နေတဲ့ အသင်းတွေကို ရွေးချယ်သွားမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ အသင်းတွေထဲက အိမ်ကွင်းအားသာချက်ရှိပြီး ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရနေတဲ့ အသင်းတွေနဲ့ လက်ရှိအသင်းလိုက်ကစားပုံထက်မြက်နေတဲ့ အသင်းတွေကိုပဲ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

## အဲဗာတန်အသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘန်လေအသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘန်လေအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာတစ်ပွဲသာအနိုင်ရခဲ့သလို သူတို့အနိုင်ရခဲ့တာကလဲ အိမ်ကွင်းပွဲစဉ်မှာရှက်ဖီး(ယူ) အသင်းကိုဖြစ်ပါတယ်။ နည်းပြကွန်ပနီကတော့ ပရီးမီးယားလိဂ်ကိုတန်းတက်လာပြီးနောက်ပိုင်း ရလဒ်ကောင်းဖို့ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် လက်ရှိအချိန်ထိ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဘန်လေအသင်းဟာ အမှတ်ပေးပွဲ ၁၆ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ ရမှတ် ရှစ်မှတ်သာရရှိခဲ့ပြီး အဆင့်(၁၉)မှာရပ်တည်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်မှာတော့ ဘရိုက်တန်ကို အဝေးကွင်းသွားရောက်ကစားခဲ့ရပေမဲ့ ထိရောက်တဲ့ တိုက်စစ်ဆင်မှုတွေပြုလုပ်နိုင်ခဲ့သလို ဂိုးသမား ထရော့ဖ့်ဒ်ရဲ့ လက်စွမ်းပြသနိုင်မှုတွေက အသင်းအတွက် အဖိုးတန်ရမှတ် ရှာဖွေနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ခံစစ်ကခြေစွမ်းပြနေတဲ့ တေလာ အဝါကတ်ပြသခံခဲ့ရပြီး အဝါကတ်ငါးကြိမ်ပြည့်ခဲ့တာကြောင့် အခုပွဲစဉ်ကိုပါဝင်မှာမဟုတ်ပါဘူး။ တိုက်စစ်ပိုင်းကရိုဒရီဂွက်ကလဲ အသက်အရွယ်ရလာတာကြောင့် ဂိုးရဖို့ရုန်းကန်နေရတာဖြစ်လို့ အခုပွဲမှာအဲဗာတန်ကို ပွဲချိန်ပြည့်ယှဉ်ပြိုင်ဖို့ ခက်ခဲမှာပါ။

အဲဗာတန်အသင်းဟာ ရမှတ် ၁၀ မှတ်လျှော့ချခံရပြီး တန်းဆင်းဇုန်ထဲ ရောက်သွားပေမဲ့ အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာ သုံးပွဲဆက်အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ မန်ယူ တစ်သင်းတည်းကိုသာရှုံးခဲ့ပြီး ပဲလေ့စ်ကို သုံးဂိုး နှစ်ဂိုး၊ နော့တင်ဟမ်ကို တစ်ဂိုး ဂိုးမရှိ၊ နယူးကာဆယ်ကိုသုံးဂိုးပြတ်၊ ချဲလ်ဆီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ နည်းပြဒိုက်ချီကတော့ ရမှတ် ၁၀ မှတ်လျှော့ခံရပေမဲ့ အသင်းကို အကောင်းဆုံးစုစည်းနိုင်ခဲ့တာကြောင့် ခြေစွမ်းကောင်းတဲ့ နယူးကာဆယ်၊ ချဲလ်ဆီးအသင်းတို့ကို ဂိုးပြတ်အနိုင်ရခဲ့ပြီး အဲဒီပွဲစဉ်တွေမှာ အသင်းရဲ့ ၄-၄-၁-၁ ကစားကွက်ဟာ ထက်မြက်မှုရှိခဲ့တယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်မှာလဲ သူတို့အသင်းဟာ ပုံမှန်ကစားကွက်အတိုင်း ပွဲထွက်လာမယ်ဆိုရင်တော့ ခံစစ်ပိုင်းအားနည်းနေတဲ့ ဘန်လေအသင်းပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲနိုင်ပါတယ်။ အထူးသဖြင့် ပွဲကစားချိန် ဒုတိယပိုင်းမှာ နိုင်ပွဲတွေရယူတတ်တဲ့ အဲဗာတန်အနေနဲ့ ဒုတိယပိုင်းမှာ ခံစစ်ပိုင်းပေးဂိုးများနေတဲ့ ဘန်လေအသင်းကို ဂိုးရဖို့သေချာနေတာကြောင့် အဲဗာတန်အသင်းကိုပဲ အားပေးရမှာပါ။

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၃ | - | ၁ | ဘန်လေ |
| ဘန်လေ | ၁ | - | ၂ | ဝက်စ်ဟမ်း |
| ဘန်လေ | ၅ | - | ၀ | ရှက်ဖီး(ယူ) |
| ဝုဗ် | ၁ | - | ၀ | ဘန်လေ |
| ဘရိုက်တန် | ၁ | - | ၁ | ဘန်လေ |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၃ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၃ | မန်ယူ |
| နော့တင်ဟမ် | ၀ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၀ | နယူးကာဆယ် |
| အဲဗာတန် | ၂ | - | ၀ | ချဲလ်ဆီး |

## လက်ချီအသင်းကို ရွေးချယ်ရမှာပါ

စီးရီးအေပွဲစဉ်(၁၆)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လက်ချီနဲ့ ဖရိုစီဝမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲအပြီးမှာ ရမှတ် ၁၇ မှတ်ရခဲ့တာကြောင့် အဆင့်(၁၃)မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းကြီးတွေနဲ့ဆိုရင် ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ရုန်းကန်ရလေ့ရှိပေမဲ့ ခြေရည်တူ အသင်းတွေကိုတော့ နိုင်ပွဲရယူနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဒီအဇာဆာက ပြိုင်ဘက်ရဲ့ ကစားကွက်ကိုကြည့်ပြီး နည်းစနစ်ပိုင်းအမျိုးမျိုးပြောင်းလဲနေပေမဲ့ ကစားပုံကျဆင်းသွားခြင်းမရှိဘဲ ကစားသမားတွေရဲ့နိုင်လိုစိတ်ပြင်းပြမှုက အသင်းကိုနောက်ကျသွင်းဂိုးတွေနဲ့ ရလဒ်ကောင်းစေခဲ့တာဖြစ်ပါတယ်။ လက်ချီဟာ အခုပွဲစဉ်ကို ရှုံးခဲ့ရင် တန်းဆင်းဇုန်နဲ့နီးကပ်သွားမှာဖြစ်လို့ အိမ်ကွင်းအားသာချက်ရယူပြီး ဖရိုစီဝမ်းအသင်းကိုတော့ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်မှာ သေချာပါတယ်။

အခုနှစ်မှ စီးရီးအေကိုတန်းတက်လာတဲ့ ဖရိုစီဝမ်းအသင်းဟာ ပြိုင်ပွဲစုံ ၁၅ ပွဲအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ တန်းတက်အသင်းတွေထဲမှာ ရလဒ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသလို အိမ်ကွင်းကစားအားကောင်းတဲ့အသင်းလဲဖြစ်တာကြောင့် အိမ်ကွင်းရှစ်ပွဲမှာ တစ်ပွဲသာရှုံးခဲ့ပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ လက်ချီလိုအိမ်ကွင်းကစားပုံထက်မြက်တဲ့ အသင်းကိုအဝေးကွင်းခံစစ်ပိုင်းကျဆင်းနေတဲ့ ဖရိုစီဝမ်းအနေနဲ့ ထိန်းချုပ်ကစားဖို့ ခက်ခဲနိုင်တာကြောင့် ဂိုးပေးရဖို့သေချာနေပြီး တိုက်စစ်က ဂိုးမရခဲ့ရင်တော့ ရှုံးပွဲတွေ့သွားမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုရှစ်ကြိမ်မှာလဲ လက်ချီက လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အသာရခဲ့တာကြောင့် လက်ချီအသင်းကိုပဲရွေးချယ်ရမှာပါ။

**လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၁ | လက်ချီ |
| လက်ချီ | ၂ | - | ၂ | အေစီမီလန် |
| ဗီရိုနာ | ၂ | - | ၂ | လက်ချီ |
| လက်ချီ | ၁ | - | ၁ | ဘိုလော့နာ |
| အမ်ပိုလီ | ၁ | - | ၁ | လက်ချီ |

**ဖရိုစီဝမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၂ | - | ၁ | အမ်ပိုလီ |
| အင်တာမီလန် | ၂ | - | ၀ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၂ | - | ၁ | ဂျီနိုအာ |
| အေစီမီလန် | ၃ | - | ၁ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၀ | - | ၀ | တိုရီနို |

## ဆဲလ်တာဗီဂိုအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်(၁၇)မှာ အကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုနဲ့ ဂရန်နာဒါအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လာလီဂါပြိုင်ပွဲမှာ အလယ်အလတ်ခြေစွမ်းမျိုးပိုင်ဆိုင်ထားတဲ့ ဆဲလ်တာဗီဂိုဟာ အခုရာသီမှာတော့ ရလဒ်ကောင်းဖို့ ရုန်းကန်နေရပြီး တန်းဆင်းဇုန်ထဲ ရောက်နေခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဝါရင့်နည်းပြ ဘင်နီတက်ဇ်တာဝန်ယူပြီးနောက်ပိုင်း ရလဒ်ကောင်းဖို့ ရုန်းကန်နေရပေမဲ့ အသင်းတာဝန်ရှိသူတွေက ဘင်နီတက်ဇ်ကိုဆက်လက်ယောက်ခံခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၁၆ ပွဲအပြီးမှာနိုင်ပွဲတစ်ပွဲပဲရခဲ့ပြီး ခုနစ်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ အဆင့်(၁၈)မှာရောက်ရှိခဲ့တာကြောင့်တန်းဆင်းဇုန်ကလွတ်မြောက်ဖို့အတွက် အခုပွဲစဉ်ကိုနိုင်ပွဲရမှဖြစ်မှာပါ။ ဒါ့ပြင် အဆင့်(၁၆)၊ အဆင့်(၁၇)မှာရှိနေတဲ့ ဆီဗီလာ၊ ကာဒီဇက်တို့ကလဲ ရမှတ် ၁၃ မှတ်သာရရှိခဲ့ပြီး ဒီတစ်ပတ်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းတွေနဲ့ ကစားရမှာဖြစ်တာကြောင့် ဆဲလ်တာဗီဂိုအနေနဲ့ အခုပွဲစဉ်ဟာ မဖြစ်မနေရမှတ်ရှာဖွေရမဲ့ပွဲစဉ်ဖြစ်နေပါတယ်။ အခုပွဲစဉ်မှာ အဓိကကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်တဲ့အပြင် ဂရန်နာဒါနဲ့ ထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ နှစ်ပွဲနိုင်၊ သုံးပွဲသရေထွက်ပေါ်ခဲ့တာကြောင့် ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

ဂရန်နာဒါအသင်းဟာ တန်းတက်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းအားအနည်းဆုံးဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနိုင်ရခဲ့တာကလဲ အိမ်ကွင်းမှာ မာယော့ကာအသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေမှာတော့ နိုင်ပွဲမရခဲ့ပါဘူး။ သူတို့အသင်းရဲ့အဝေးကွင်းရှစ်ပွဲမှာ တိုက်စစ်ပိုင်းကရှစ်ဂိုးသာရခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၂၀ ထိရှိခဲ့တာကြောင့် အဝေးကွင်းဆိုးရွားတဲ့ အသင်းတစ်သင်းအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ၁၆ ပွဲအပြီးမှာ ရှစ်မှတ်သာရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၉)မှာရောက်ရှိခဲ့ပြီး အဆင့်(၂၀)က အယ်မာရီယာနဲ့ ရမှတ်လေးမှတ်သာကွာဟနေတာကိုတွေ့ရမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာတော့ သူတို့အသင်းနည်းပြက ၄-၃-၃- ကစားကွက်နဲ့ ခံစစ်အားပြုကစားနေလို့ ပေးဂိုးနည်းသွားပေမဲ့ ရလဒ်ပိုင်းတိုးတက်လာတာကို မတွေ့ရသေးပါဘူး။ အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံးတန်းဆင်းဇုန်ကရုန်းထွက်ဖို့ ကြိုးစားရမှာဖြစ်ပေမဲ့ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာတော့ ဆဲလ်တာဗီဂိုက ဂရန်နာဒါထက် အသာရနေသလို အကျော်ပေးမှုကလဲ ဆဲလ်တာဗီဂိုကို တစ်ဂိုးနဲ့နိုင်ရင်တောင် ဘာမှမဖြစ်နိုင်တဲ့ အခြေအနေတွေကြောင့် နိုင်ပွဲသေချာနေတဲ့ ဆဲလ်တာဗီဂိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၄ | - | ၃ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ကာဒီဇက် |
| ဓီစတာအို | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| ဗယ်လ်ကာနို | ၀ | - | ၀ | ဆဲလ်တာဗီဂို |

**ဂရန်နာဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၁ | - | ၁ | ဂီတာဖေး |
| အလာဗက် | ၃ | - | ၁ | ဂရန်နာဒါ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၁ | - | ၁ | ဘီလ်ဘာအို |







# အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၂၃ ဖြင့်
သာသနာတော်ဆိုင်ရာ **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်
ဆက်ကပ်လှူဒါန်းခြင်းခံရသော မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)၊
ပြင်ဦးလွင်မြို့၊ တပ်ဦး မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏
ဦးစီးပဓာန နာယက ဆရာတော်

## ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ (M.A,Ph.D)

## (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

အား တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ထပ်ဆင့်၍
ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့်
ကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ပါရန်
နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၈၅ ခုနှစ် နတ်တော်လဆန်း(၁၁)ရက်၊ ၂၃-၁၂-၂၀၂၃ (စနေနေ့)

**အချိန်** - (က) နံနက် (၈)နာရီမှ မွန်းတည့် (၁၂)နာရီထိ (ညှိခံကျွေးမွေးခြင်း)

(ခ) မွန်းလွဲ(၁)နာရီ "ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား" ကျင်းပခြင်း

**နေရာ** - တပ်ဦး မဟာဂန္ဓာရုံကျောင်းတိုက်၊ ပြင်ဦးလွင်မြို့။

**အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာကျင်းပရေး ဦးစီးကော်မတီ**
**တပ်ဦး မဟာဂန္ဓာရုံကျောင်းတိုက်**
**ပြင်ဦးလွင်မြို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် (၁/ ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ရက်နေ့
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ လစာနှုန်းအလိုက် ရာထူးနေရာများတွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးနှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနများသို့ ၂၀-၁၂-၂၀၂၃ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ရာထူးအမည် | လစာနှုန်း(ကျပ်) | ခန့်ထားမည့် အရေအတွက် |
|---|---|---|---|
| ၁။ | တောခေါင်း | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၀ |
| ၂။ | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၅ |
| ၃။ | စာရင်းကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ |
| ၄။ | တောကြပ် | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၂ |
| ၅။ | ယာဉ်မောင်းစက်ပြင်-၅ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၂ |
| ၆။ | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၃ |

၂။ ရာထူးအလိုက် အရည်အချင်းသတ်မှတ်ချက်များ၊ လျှောက်လွှာပုံစံများနှင့်လိုအပ်သည့် အချက်အလက်များအား သက်ဆိုင်ရာ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနရုံးများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ် ဝေယံဘုံကျော်ကျောင်းနေ ဦးမွေးဒိန္န (ဘ) ဦးသိန်းရွှေ (၉/မရတ(သ)၀၀၄၂၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-656701) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၀၆၂၁၁၈

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်နေ ဦးကျော်တင်မောင် (ဘ) ဦးတော်မောင် (၉/မရမ(နိုင်) ၀၂၆၁၁၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-514530) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၀၆၅၁၈၈၅

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## "အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၀)၊ ဦးပိုင်အမှတ်(၁-က)၊ ဧရိယာ(၀. ၀၈၂၃)ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်သူ တရားဝင်ပိုင်ဆိုင်သူ **ဒေါက်တာသန်းသန်း** (ဘ) ဦးပု၊ မှတ်ပုံတင်အမှတ် (၉/မရတ(နိုင်) ၁၀၄၄၅၀) မသိရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ပေါင်နှံခြင်း၊စွန့်လွှတ်ခြင်း၊ပေးကမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကြေညာသူ၏ လွှဲအပ်ချက်အရ-

**ဒေါ်သဥ္ဇာဝင်း**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၁၄၂၅**
**ဈေးချိုရပ်ကွက်၊အမရပူရမြို့နယ်၊မန္တလေးမြို့။ ၀၉-၄၃၀၁၃၂၃၇**

❖ စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး (Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်နေ...

❖ မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာ ပေါ်များရေးကို အလေးထားဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်
စာမျက်နှာ - ၁၇

ဂျီဆေးရာပိုစ်ဟော်တာဆိုသူ တီဟောလက်စတေသမ္မတကြီးအား သိစေချင်ပါသည်
ဆောင်းပါး စာမျက်နှာ - ၂၀

# ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများကို စနစ်တကျရေးဆွဲပြီး ရေရှည်အတွက် အကျိုးရှိသည့်ကြိုတင်ကာကွယ်ရေးအစီအမံများ ဖော်ထုတ်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသဃံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

" စိတ်ချရတဲ့ မြဝတီဘဏ် "
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
» Account Transfer
» Remittance
» Mobile Topup ( Phone Bill )
» Credit Card Payment
» Cardless ATM Withdrawl
» Tax Payment
MPU UnionPay
24 ~ (01) 2301421, 2317166
Phone No: (01) 2301367, 2301368, 2301452, 2301378